### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်နဲ့ပြည်သူတို့အနာဂတ်အတွက် သင်ကိုယ်တိုင်ပါဝင်မဲပေးပါ။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၅၀)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်မိတ်သဟာယမိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကာသီဒြယ်ကက်သလစ်ဘုရားကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ✭




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်)

## ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတိုးတက်ရေး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်၍ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ဦးတည်ချက်(၄)ရပ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဟူသည့်ဦးတည်ချက်ကိုချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ပညာရေးသည် ကဏ္ဍအားလုံးနှင့်ဆက်စပ်လျက်ရှိရာ နိုင်ငံ၏အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအောင်မြင်ရေးအတွက် ပညာရေးဖြင့်ဦးဆောင်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှတွင် ပညာမပါဘဲနှင့်ပြီးမြောက်သည်ဟူ၍မရှိပေ။ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဟူသောဆောင်ပုဒ်ကိုချမှတ်ခြင်းဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာဖြင့် ပြည့်စုံသည့်လူသားအရင်းအမြစ်ကောင်းများလိုအပ်သည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်သည်။ ထို့အတူ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လူရည်မွန်များလည်းဖြစ်လာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် နိုင်ငံတော်မှအလေးပေးဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများအား မြရောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **"ပညာရေးနှင့်ပတ်သက်၍ "အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ"ကြောင်း၊အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်း၏ဘဝကိုမြင့်မားစေကြောင်း၊ ထို့ကြောင့် ဗဟုသုတအတွေးအခေါ်များရရှိစေမည့် စာအုပ်စာပေများကို အမြဲလေ့လာဖတ်ရှုနေရန်လိုကြောင်း၊ အလားတူ မိမိတို့၏သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများဖတ်ရှုစေရေးအတွက်လည်း အမြဲတိုက်တွန်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ဘဝထက် သာလွန်သည့်ဘဝများရရှိစေရေး မိမိတို့၏သားသမီးများကို မြေတောင်မြှောက်ပေးကြစေလိုကြောင်း"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

အတန်းပညာရှိနေမှလည်း အသိပညာများ၊ အတတ်ပညာများရရှိနိုင်မည်ဖြစ်သည်။ ကျောင်းသားများ ပညာရည်မြင့်မားရေးကြိုးပမ်းမှုတွင် မိဘများသာမက ဆရာ၊ ဆရာမများအနေဖြင့်လည်း နိုင်ငံကို တိုးတက်စေချင်သည့်စိတ်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းနေပျော်၍ စာတော်အောင် ဆွဲဆောင်သင်ကြားပေးကြရမည်ဖြစ်သည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသည့်အတိုင်း ဆရာကောင်းများဖြစ်စေရန် အစဉ်တစိုက်ကြိုးပမ်းနေကြရမည်ဖြစ်သည်။

အခြေခံပညာ၏ပန်းတိုင်သည် တက္ကသိုလ်ဝင်စာမေးပွဲဖြစ်သည်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းများကို ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာထားသည်။ ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၇ ရက်နေ့အထိသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြရမည့်နေ့ရက်များဖြစ်ပေရာ မိဘ၊ ဆရာ၊ ကျောင်းသားများအနေဖြင့် တက်ညီလက်ညီကြိုးပမ်းကြရမည့် အရေးကြီးသည့်အချိန်ကာလဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဖြေဆိုရမည့်ဘာသာရပ်များနှင့်ပတ်သက်၍ အနှစ်ချုပ်ကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် မကြာမီဖော်ပြပေးမည်ဖြစ်သည်။

အောင်မြင်မှုမှန်သမျှမှာ ကြိုးစားအားထုတ်မှုမှဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကြိုးစားမှုမရှိဘဲ အောင်မြင်မှု မရနိုင်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဖွဲ့၊ လုံ့လ၊ ဝီရိယကိုအရင်းပြု၍ ကြိုးစားကြရမည်ဖြစ်သည်။ ပညာရေးကဏ္ဍတွင် (KG+9)ရောက်သည်နှင့် နည်းလမ်းလေးသွယ်ကို သတ်မှတ်ပေးထားရာ မူလပညာရေးလမ်းအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလမ်းသုံးသွယ်လည်းပါဝင်သည်။ ယခုအခါ (Grade 12 အဆင့်)စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကိုလည်း ၂၀၂၆ ခုနှစ် မတ်လတွင်ကျင်းပစစ်ဆေးမည်ဖြစ်သည်။ ပညာရေးသည် မိမိဘဝတိုးတက်ရေးအတွက်ဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဖြစ်ပေရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကြိုးစားကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၄ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

ဒိုက်ဦး ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမိုးအေးက ဆေးကုသမှုလာရောက်ခံယူကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးနှင့်ပတ်သက်၍ နေ့စဉ်လိုက်နာကျင့်သုံးရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမိုးအေး ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သက်ဆိုင်ရာကဏ္ဍအလိုက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါအငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာတွင် လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၁၀)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မူပိုင်ခွင့်ဦးစီးဌာန၏ (၅) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ (၅) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေက မူပိုင်ခွင့်ဦးစီးဌာနသည် စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်ရန်ဟူသည့် ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ ကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်း၍ ရလဒ်ကောင်းများရရှိခဲ့ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့်စီးပွားရေးဦးတည်ချက်များ၊ ဝန်ကြီးဌာနက ချမှတ်ထားသောလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့်ဌာနတစ်ခုအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရန်အတွက် ခိုင်မာသောမူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများကို ဆုချီးမြှင့်ခြင်းများနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေကို မက်လုံးများစွာနဲ့မြူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ"** ခေါင်းစဉ်ဖြင့် ၂၄-၁၂-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့် အပတ် ၃၁-၁၂-၂၀၂၅ ရက်မွန်းလွဲ ၁ နာရီတွင် **"ပြည်ဖျက်တွေမျှော်လင့်သလို ဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆°င | / | ၃၁°င |
| ရန်ကုန် | ၁၉°င | / | ၃၂°င |
| မန္တလေး | ၁၆°င | / | ၃၁°င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲလွမ်းဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ပဲလွမ်းဧက ၁၆၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးမှာပါ။ သီးနှံအထွက်နှုန်းတိုးတက်စေဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ ပဲလွမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေစနစ်တကျသုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် လိုအပ်သည့်နည်းပညာများ ပံ့ပိုးကူညီပေးလျက်ရှိသည်။

ပဲလွမ်းကို ပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မန္တလေးဈေးကွက်၌ ရာသီစာပဲမြစ်များ လှိုင်လှိုင်ဝင်ရောက်နေပြီး တခြားဒေသများသို့တင်ပို့နေရသောကြောင့် အရောင်းအဝယ်ကောင်းမွန်

မန္တလေး ဒီဇင်ဘာ ၂၃

ယခုရက်ပိုင်းတွင် မန္တလေးဈေးကွက်၌ ရာသီစာပဲမြစ်များ လှိုင်လှိုင်ဝင်ရောက်နေပြီး မန္တလေးဈေးကွက်မှတစ်ဆင့် တခြားဒေသများသို့ တင်ပို့ရောင်းချနေရသောကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့ရှိ သီးနှံပွဲရုံများမှ သိရသည်။

လက်ရှိ မန္တလေးအနီးဝန်းကျင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ဘက်မှ ထွက်ရှိသောပဲမြစ်များ အများဆုံးဝင်ရောက်လျက်ရှိကာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများအထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"အခုအချိန်မှာ ရာသီစာဖြစ်တဲ့ပဲမြစ်တွေ မန္တလေးဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ပဲမြစ်စပေါ်တာတော့ တစ်လဝန်းကျင်လောက်ရှိပါပြီ။ လက်ရှိမှာ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ ရွှေဘိုဘက်တွေကနေ အများဆုံးဝင်ရောက်နေပါတယ်။ ဝင်ရောက်လာတဲ့ပဲမြစ်တွေကို မန္တလေးဈေးကွက်ကတစ်ဆင့် တခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု မန္တလေးမြို့ရှိ ရတနာပုံပွဲရုံပိုင်ရှင် ဒေါက်တာမျိုးမင်းကပြောသည်။

ထိုသို့ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာသည့်ပဲမြစ်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ တင်ပို့ရောင်းချနေရသည့်အပြင် မန္တလေးမြို့အနီးဝန်းကျင်ဒေသများနှင့် နေပြည်တော်၊ မိတ္ထီလာ၊ မုံရွာ၊ တောင်ငူ စသည့်ဒေသများသို့လည်း တင်ပို့နေရကြောင်း သိရသည်။

ပြည်တွင်း၌ ပဲမြစ်ကို နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လတို့တွင် စိုက်ပျိုးကြပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် တူးဖော်ရောင်းချကြကာ စိုက်ပျိုးသည့် မြေအမျိုးအစားအပေါ်မူတည်၍ အရသာကွာခြားမှုရှိကြောင်း၊ အထူးသဖြင့် ဈေးကွက်အတွင်း၌ တံတားဦးမြို့အနောက်ဘက် မန်ကျီးတောကျေးရွာမှထွက်ရှိသော ပဲမြစ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနယ်ဘက်မှ ထွက်ရှိသောပဲမြစ်များမှာ အရသာပိုမိုကောင်းမွန်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ဆယ့်နှစ်နာရီ သံချောင်းခေါက်သံက သဲ့သဲ့လေးလွင့်ပျံ့လာစဉ် သက်သက်သည် ခြင်ထောင်ကိုဆွဲချလိုက်လေသည်။ အိပ်ရာနှင့်ကျောထိသောအခါ တစ်ကိုယ်လုံးရှိအကြောများ ပြေလျော့သွားသလို ခံစားရသည်။ သက်သောင့်သက်သာနှင့် အညောင်းပြေသွားလေသည်။

အိပ်တော့မည်ဟူ၍ မျက်လုံးအစုံကို မှေးမှိတ်လိုက်သောအခါ အစိုးမရသောစိတ်ထဲသို့ ကျော်ထွန်းညိုက ချဉ်းနင်းဝင်ရောက်လာလေသည်။ သက်သက်က သူနာပြုဆရာမလုပ်မည်ဟုဆိုသောအခါက သူ့မျက်နှာသည် ပြုံးသွားသည်။ သူ့မျက်လုံးများသည် အရောင်ရွှန်းလဲ့လာသည်။ ထို့နောက် သက်သက်ကို 'တော်သည်' ဟူ၍ ချီးကျူးစကားဆိုလေသည်။ သက်သက်သည် ထိုအကြောင်းများကို ပြန်တွေးရင်း ရင်ထဲတွင် တသိမ့်သိမ့်ကြည်နူးလာသည်။ သူနာပြုဆရာမလုပ်မည်ဟူသော ဆုံးဖြတ်ချက်ကလည်း ပို၍ခိုင်မြဲသွားလေသည်။

ဖေဖေတို့အခန်းဆီမှစကားသံကို ခပ်ဝါးဝါးကြားရသည်။ တစ်ရေးနိုးမျက်စိကျယ်နေသောဖေဖေသည် မေမေ့ကို နှုတ်အတင်းလိုက်ပြီး လေပေါနေလေပြီဟုတွေးမိရင်း သက်သက်သည် တစ်ဦးတည်းပြုံးလိုက်မိလေသည်။ ပြုံးရင်းတွေးရင်း မျက်တောင်များစင်းကျလာသည်။ ထို့နောက် အိပ်ပျော်သွားသည်။

ထိုညက သက်သက်သည် အိပ်မက်ပင်မမက်ချေ။ မိုးလင်းသည်အထိ တစ်ခါတည်း တောက်လျှောက်အိပ်ပျော်သွားလေသည်။

■ ■ ■ ■ ■

'စုလှိုင်' သက်သက်က ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။ 'ဟာ သက်သက်'

သက်သက်နှင့်အမာညိုသည် စုလှိုင်ဆီသို့ ခပ်သွက်သွက်လျှောက်လာကြသည်။ သက်သက်နှင့်စုလှိုင် မတွေ့ဖြစ်ခဲ့ကြသည်မှာ တစ်နှစ်ပင်ကျော်ပေပြီ။ ထိုတစ်နှစ်အတောအတွင်း၌ သက်သက်သည် အတန်ငယ်ပိန်သွားသည်ဟု စုလှိုင်ထင်မိသည်။ သက်သက်ကမူ စုလှိုင်ပို၍လှလာသည်ဟု ထင်မိသည်။

'ကွန်ဂရက်ကျူလေးရှင်း သက်သက်၊ ယူသရီးဒီနဲ့အောင်တယ် မဟုတ်လား'

'စုလှိုင်ထက် တစ်နှစ်နောက်ကျပြီးမှ အောင်တာပါကွယ်'

စုလှိုင်၏လက်ကလေးများကို သက်သက်က ဖမ်းကိုင်လိုက်သည်။

အိုးတိုက်ရသောသက်သက်၏လက်လေးများသည် စုလှိုင်၏နူးညံ့ထွေးအိနေသောလက်ဖမိုးလေးများနှင့် ယှဉ်သောအခါ ကြမ်းနေလေသည်။

'အခုလိုက်လည်တာလား'

'အင်း မာညိုခေါ်လို့၊ မုန့်ကျွေးမယ်ဆိုလို့၊ စုလှိုင်ကရော မကျွေးဘူးလား' 'ကျွေးပါမယ်'

စုလှိုင်က ခေါင်းလေးဆတ်ကာပြောသည်။ စုလှိုင်သည် အမာညိုလို လွယ်အိတ်ကြီးမလွယ်ပေ၊ စာအုပ်လေးများနှင့်ပိုက်ဆံအိတ်ကိုထပ်ကိုင်ပြီး လက်ထဲတွင်ပိုက်ထားသည်။ ထို့ကြောင့် ပိုပြီးကြော့ရှင်းနေလေသည်။ ဆံပင်များကို ထုံးစံအတိုင်း အကုန်လုံးနောက်ဘက်သို့ လှန်ဖြီးပြီး ဖဲပြားအစိမ်းလေးနှင့်စည်းထားသည်။

'ကိုယ်အခု ဝပ်ရှော့အချိန်၊ ယူအားသလား မာညို' 'အားတယ်'

'ခဏစောင့်နော် ဟေ့ သက်သက်၊ ကိုယ်တို့မိန်းကလေးတွေ တူထုတာ၊ လွှတိုက်တာ လိုက်ကြည့်ပါလား၊ ပြီးမှမုန့်စားတာပေါ့''ကောင်းတယ် ကြည့်မှာပေါ့'

သက်သက်က ခေါင်းညိတ်လေသည်။ သုံးဦးသား ကျောင်းအနောက်ဘက်သို့ လျှောက်လာကြသည်။ များပြားလှသောကျောင်းသားများက စူးစူးစိုက်စိုက်ကြည့်သောအခါ သက်သက်ရင်ဖိုလာမိသည်။ စုလှိုင်သည် ထိုသူများကို လုံးဝအမှုထားပုံမရ။ အမာညိုကမူ လွယ်အိတ်ကြီးတကားကားနှင့် ဝရုန်းသုန်းကားလျှောက်လေသည်။ ရောက်ခါစတုန်းကလို ရှက်ကြောက်သောအမူအရာ မရှိတော့ပေ။

"အိပ်တော့မည်ဟူ၍ မျက်လုံးအစုံကို မှေးမှိတ်လိုက်သောအခါ အစိုးမရသောစိတ်ထဲသို့ ကျော်ထွန်းညိုက ချဉ်းနင်းဝင်ရောက်လာလေသည်။ သက်သက်က သူနာပြုဆရာမလုပ်မည်ဟုဆိုသောအခါက သူ့မျက်နှာသည် ပြုံးသွားသည်။ သူ့မျက်လုံးများသည် အရောင်ရွှန်းလဲ့လာသည်။ ထို့နောက် သက်သက်ကို 'တော်သည်' ဟူ၍ ချီးကျူးစကားဆိုလေသည်။ သက်သက်သည် ထိုအကြောင်းများကို ပြန်တွေးရင်း ရင်ထဲတွင် တသိမ့်သိမ့်ကြည်နူးလာသည် . . ."

'ဟေ့ အဲဒါစွယ်တော်ပင်လေ၊ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်တဲ့အရွက်လေးတွေလေ'

စွယ်တော်ပင်ပုပုလေးအောက်မှအဖြတ်တွင် အမာညိုကပြောသည်။ အသည်းပုံစွယ်တော်ရွက်လေးကို ခုန်၍ခူးလိုက်ပြီး သက်သက်ကိုလှမ်းပေးသည်။

'အပွင့်လည်း မရှိဘူး''ဒီအချိန်တုံးပြီဟ၊ ဖတ်စ်တမ်းမ်တုန်းကဆို ပင်လုံးကျွတ်ပွင့်တာပဲ၊ လှတယ်ဆရာ၊ ဒါပေမဲ့ ကြာကြာမခံဘူး နွမ်းလွယ်တယ်'

အပင်ပုလေးများကို အသီးစိမ်းစိမ်းရှည်ရှည်လေးများက တန်ဆာဆင်ထားလေသည်။ အမာညိုက လက်အငြိမ်မနေနိုင်၊ ခြေအငြိမ်မနေနိုင် ထိုအသီးလေးများကို မမီမကမ်းနှင့် ခုန်၍ခုန်၍ဆွဲသည်။ အပင်လေးများသည် ယိမ်းခနဲ ယိုင်ခနဲ ညွတ်၍ ညွတ်၍လာတတ်သည်။ သို့သော် သူ့လက်ထဲတွင် အသီးတော့ပါမလာချေ။ ခါချဉ်များကသာ တဖွဲဖွဲခုန်ဆင်းလာသည်။ ထို့ကြောင့် အပင်အောက်မှ အော်ဟစ်ပြီး ထွက်ပြေးလာလေသည်။

'ယူတို့က မိန်းကလေးတွေဖြစ်ပြီး တူထု၊ လွှတိုက်လုပ်ရတာပဲလားဟင်'

'သဘောလောက်ပါ'

သက်သက်ကမေးသောအခါ စုလှိုင်က ခပ်ပြုံးပြုံးနှင့်ဖြေသည်။ အမာညိုကမူ မျက်နှာလေးမဲ့ကာ ခေါင်းကိုခါယမ်းပြသည်။

'သူကလုတာကိုး သက်သက်ရ၊ ကောင်လေးတွေက ကူလုပ်ပေးတယ်၊ ငါတို့ကတော့ ကူမယ့်လူမရှိဘူး၊ အစအဆုံး ကိုယ့်ဟာကိုယ်ပဲလုပ်ရတာပဲ၊ အရင်တစ်ပတ်က တူထုရင်း လက်မကိုထုမိပြီး ကွဲသွားသေးတယ်'

'ဟယ် နင်တော်တော်နာသွားမှာပေါ့'

သက်သက်က ကရုဏာသက်စွာပြောရင်း အမာညို၏လက်မကို လှမ်းကြည့်မိသည်။ ဘာဒဏ်ရာကိုမှမတွေ့ရပေ။

'ငါမနာပါဘူး'

အမာညိုက ရယ်မောနေလေသည်။

'ငါကထိုင်ခုံရိုက်ရတာ၊ ဆရာက သံရိုက်ရမယ့်နေရာမှန်အောင် သံကိုကိုင်ပေးထားတယ်၊ ဆရာ့လက်မလွှတ်ခင် ငါက တူနဲ့တအားထုထည့်လိုက်တာ ဆရာ့လက်မ ကွဲသွားတာပေါ့' 'ခွေးမလေး'

သက်သက်က မျက်လုံးလေးပိတ်သွားအောင်ရယ်လိုက်မိသည်။

သူတို့သုံးဦးသား စားပွဲပေါ်တွင် သံညှပ်ကြီးများတပ်ထားသောအခန်းထဲသို့ ဝင်လိုက်ကြသည်။ တစ်ဖက်ခန်းတွင် လွှဝိုင်းကြီးကိုတွေ့ရသည်။ ခလုတ်ဖွင့်လိုက်သောအခါ တဝီးဝီးနှင့်မွှတ်နေအောင်လည်တော့သည်။ ခြောက်လက်မပတ်လည် သစ်တုံးကြီးကို သူ့ရှေ့တွန်းပို့လိုက်သောအခါ ခဏလေးနှင့် နှစ်ပိုင်းပြတ်သွားလေသည်။ သက်သက်သည် ထိုလွှဝိုင်းကြီးကို ရင်တဖိုဖို အသည်းတယားယားနှင့် စိုက်ကြည့်နေမိလေသည်။ သူ့ရှေ့ရောက်လာသမျှအကုန်လုံးကို အစိတ်စိတ်အမြွှာမြွှာဖြတ်ပစ်မည်ဟု စိန်ခေါ်ကြုံးဝါးနေသလို တဝီးဝီးလည်ပတ်သံသည် ဆူညံစွာမြည်ဟည်းနေသည်။

'လာ သက်သက် ငါတို့နှစ်ယောက် ဆီးငန်စေ့စားရင်း စောင့်ကြတာပေါ့'

အမာညိုနှင့်သက်သက်သည် လှေကားထစ်အုတ်ခုံလေးပေါ်တွင် ထိုင်လိုက်ကြသည်။ တစ်ဖက်တွင် စွယ်တော်ပင်လေးရှိသဖြင့် အရိပ်အနည်းငယ်ရသည်။ စွယ်တော်ပင်လေးသာကြီးလာပါက ထိုနေရာသည် စွယ်တော်ရိပ်နှင့် အေးမြနေမည်ဖြစ်လေသည်။

'မိသက်ရယ် နင်ကလည်း ဒီကိုပဲလာခဲ့ရောပေါ့၊ ဘယ်လောက်ပျော်စရာကောင်းလဲ' 'ငါ သူနာပြုသင်တန်းပဲတက်မယ် မာညိုရာ'

သက်သက်သည် ဆီးငန်စေ့လေးကို ပါးစပ်ထဲပစ်ထည့်လိုက်ပြီး အခန်းထဲမှ စုလှိုင်ကိုလှမ်းပြီးကြည့်နေသည်။ စုလှိုင်၏လက်ထဲတွင် လေးထောင့်သံတုံးလေးတစ်ခုကိုတွေ့ရသည်။ ထိုသံတုံးလေးကို စားပွဲပေါ်ရှိ သံညှပ်ကြီးကြားထဲတွင် ကျပ်နေအောင်ညှပ်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဟိုပုံးမြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် (Grade-5) စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ဟိုပုံး ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် သီရိမင်္ဂလာ သာသနာ့ဗိမာန်၌ အခြေခံပညာမူလတန်းအဆင့် (Grade–5) စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၃ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် နည်းပြများ၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ဆရာ၊ ဆရာမများအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် သင်ကြားပေးသည့်ဘာသာရပ်များကို သေချာစွာလေ့လာမှတ်သားမှသာ ကျောင်းသား၊ ကျောင်းသူများကို ပြန်လည်သင်ကြားရာတွင် အဆင်ပြေကာ စာမေးပွဲအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်က အခြေခံပညာမူလတန်းအဆင့် (Grade–5) စာမေးပွဲစစ်ဆေးခြင်း၊ မေးခွန်းပြုစုခြင်းနှင့် ဘာသာရပ်အလိုက် အမှတ်ပေးစံစနစ်(TOS) အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးဝင်းညွန့်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့်(Grade– 5) စာမေးပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၇ ရက်အထိ၊ အခြေခံပညာအလယ်တန်းအဆင့် (Grade–9)စာမေးပွဲကို ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးသင်ကြားပို့ချခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၃

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပရာ လူငယ် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့်ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အခမ်းအနားအား ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည့် လူငယ်များ စုပေါင်းပါဝင်ဆွေးနွေးသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားကြောင်း၊ ဖိုရမ်အတွက်လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီအလိုက် မိမိတို့လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကိုဆွေးနွေးပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက်ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဖိုရမ်တွင် လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများအနေဖြင့် ပါဝင်ဆွေးနွေးမည့် လူငယ်ကိုယ်စားလှယ်များအား သတ်မှတ်ချက်အလိုက် ရွေးချယ်ပေးစေလိုမှု၊ လူငယ်ငြိမ်းချမ်းရေး ဖိုရမ်ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ၏ အရေးပါမှုအခြေအနေ၊ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် အစိုးရအဆက်ဆက် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လက်ရှိနိုင်ငံ၏ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် လူငယ်များ၏အခန်းကဏ္ဍ အရေးပါမှုနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်အား ငြိမ်းချမ်းရေးနှင့်လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ဆောင်ရွက်ချက်များ အရေးကြီးသည်ကိုပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကိုဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏ အကြံပြုချက်များ ပေါ်ထွက်လာစေရန်နှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကိုစုစည်း၍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် ရေးဆွဲတင်ပြနိုင်ရန်တို့ကိုရည်ရွယ်၍ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးပွဲကဏ္ဍများအတွက် သီးခြားရွေးချယ်ထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်လူငယ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများမှစေတနာ့ဝန်ထမ်းလူငယ်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် NGO လူငယ်ကွန်ရက်အဖွဲ့များမှလူငယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် IDP စခန်းများမှ လူငယ်များကိုဖိတ်ကြားနိုင်ရေးစီစဉ်လျက်ရှိပြီး အုပ်စုအသီးသီးမှ လူငယ်ကိုယ်စားလှယ်များအနေဖြင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိသည့် လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြဝတီ

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ကျင်းပသည့် (၁၈)ကြိမ်မြောက် ပန်းပွဲတော်တွင် လာရောက်လည်ပတ်သူများဖြင့်စည်ကား





ပြင်ဦးလွင် ဒီဇင်ဘာ ၂၃

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ ကျင်းပလျက်ရှိသည့် (၁၈)ကြိမ်မြောက် ပန်းပွဲတော်တွင် အမြို့မြို့အနယ်နယ်မှ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းပွဲတော်ကို ဒီဇင်ဘာလ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပန်းပြကွက်များကို မြင်ကွင်းကျယ်ပန်းခင်းများအဖြစ် ပုံဖော်ဖန်တီးကာ အရောင်အသွေးစုံလင်သည့် ပြည်တွင်း၊ ပြည်ပမှ နွေ၊ မိုး၊ ဆောင်း ရာသီပန်းမျိုးစိတ် ၄၀ ခန့်ဖြင့် ပန်းပင်အရေအတွက် နှစ်သိန်းကျော်ကိုလည်း ပုံဖော်စိုက်ပျိုးပြသထားကြောင်း သိရသည်။

ထူးခြားသည့် ပန်းပြကွက်အနေဖြင့် သုံးဖက်မြင်ပန်းပြကွက် သုံးခုကို ရနံ့မွှေးလီလီပန်း၊ နေကြာပန်း၊ ဟော်လန် ဂန္ဓမာပန်းတို့ဖြင့် အလှဆင်ပြသထားပြီး အဆိုပါ ပန်းပြကွက်များအတွင်း ၃၆၀ ဒီဂရီ မြင်ကွင်းပုံစံဖြင့်ပန်းများကို အနီးကပ်ထိတွေ့ခံစား၍ အလှဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်သောကြောင့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးတင်စားထားကြောင်း သိရသည်။

ပန်းပွဲတော်ကာလအတွင်း တေးဂီတဖျော်ဖြေမှုများဖြင့်ပါ တင်ဆက်လျက်ရှိပြီး လွတ်လပ်ရေးနေ့၊ ခရစ္စမတ်နေ့၊ နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့် ဆက်စပ်ရုံးပိတ်ရက်များတွင်လည်း နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်အောင်

(၇၈)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# တွဲလက်ညီညီရှေ့သို့ချီ အောင်လံလွင့်ဝေ တပ်မတော်(ရေ)

ရဲလွင်(တိုင်းတာရေး)

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်သည် တပ်မတော်(ရေ)၏ (၇၈)နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်၏။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် သစ္စာလေးချက်ကို ရင်ဝယ်သံမှိုနှက်ကာ နိုင်ငံတော်၊ နိုင်ငံသားနှင့်တပ်မတော်အတွက် ပေးအပ်သည့်အမိန့်နှင့်တာဝန်မှန်သမျှကို အရိုးကြေကြေ၊ အရေခန်းခန်း ဦးလည်မသုန်ထမ်းရွက်ခဲ့သည်မှာ (၇၈)နှစ်ပြည့်မြောက်ခဲ့လေပြီ။**

တပ်မတော်(ရေ)သည် ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် မျိုးချစ်တပ်မတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ဖြင့် တစ်ဆင့်ချင်းတိုးတက်အောင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်(ရေ)အား အနာဂတ်ကာလတွင် ရေပြာရေတပ်အဆင့် (Blue Water Navy Standard) ရောက်ရှိရန် မျှော်မှန်းအကောင်အထည်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ (National Maritime Interests) အား ကာကွယ်စောင့်ရှောက်ရေး၊ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေးဟူသော ရည်မှန်းချက်သုံးရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိ၏။ အထက်ပါမျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် ရှေ့သို့ချီတက်နေသော တပ်မတော်(ရေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။

သခင်အောင်ဆန်း(ဗိုလ်တေဇ)ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့က ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ လက်မောင်းသွေးဖောက် သစ္စာရေသောက်ပြီး မြန်မာ့တပ်မတော်၏အမြုတေဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army – BIA) ကို မဖွဲ့စည်းမီကပင် မြန်မာ့တပ်မတော်(ရေ)သည် ဖွဲ့စည်းပေါ်ပေါက်ခဲ့၏။ မြန်မာနိုင်ငံ နယ်ချဲ့ဗြိတိသျှတို့ လက်အောက်ကျရောက်ပြီးနောက် မြန်မာ့ကမ်းရိုးတန်းကာကွယ်ရေးကို ဗြိတိသျှတို့၏အရှေ့အိန္ဒိယရေတပ်က တာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယရေတပ်ကလွှဲပြောင်းတာဝန်ယူခဲ့၏။ ၁၉၃၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှခွဲထွက်ပြီးနောက် ဗမာ့အပျော်တမ်းအရန်ရေတပ် (Burma Royal Naval Volunteer Reserve – BRNVR) ကို ၁၉၄၀ ပြည့်နှစ် ဖွန်လတွင် ဖွဲ့စည်းခဲ့၏။ ၁၉၄၂ ခုနှစ် ဖက်ဆစ်ဂျပန်တို့လက်အောက်သို့ မြန်မာနိုင်ငံကျရောက်ချိန်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်သည်လည်း နယ်ချဲ့ဗြိတိသျှတို့နှင့်အတူ အိန္ဒိယသို့ ဆုတ်ခွာခဲ့၏။ ဂျပန်တို့က ၁၉၄၂ ခုနှစ် ဖွန်လတွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော် (Burma Independence Navy – BIN) ကို ဖွဲ့စည်းခဲ့၏။ ထို့ကြောင့် BRNVR နှင့် BIN တို့သည် ယနေ့တပ်မတော်(ရေ)၏အမြုတေရေတပ်များအဖြစ် သမိုင်းအစဉ်အလာကောင်းများကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်၏။

အထက်ပါ သမိုင်းအစဉ်အလာကောင်းခဲ့သော တပ်မတော်(ရေ)သည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့၏။ မြန်မာ့ကြည်းတပ်မတော်နှင့်အတူ ထင်ရှားခဲ့၏။ သမိုင်းအထောက်အထားများအရ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ကို အခြေခံသော ပင်လယ်ရေကြောင်းသွားလာမှုနှင့် ရှေးမြန်မာတို့ ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း လေ့လာတွေ့ရှိရ၏။ ၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေကြောင်းသွားလာမှုအစပြုခဲ့ကြောင်း၊ ၁၅ ရာစု အလယ်ပိုင်းတွင် မုတ္တမမှထုတ်လုပ်ခဲ့သော မုတ္တမစဉ့်အိုး (Martaban Jar) သည် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရပ်နိုင်ငံများအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း လေ့လာသိရှိရ၏။ ပုဂံခေတ်တွင် အလောင်းစည်သူမင်းသည် ပုသိမ်သင်္ဘောဆိပ်မှတစ်ဆင့် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်များသို့ တိုင်းခန်းလှည့်လည်ခဲ့ကြောင်း၊ နရပတိစည်သူမင်း လက်ထက်တွင် သံဃာတော်များ သီဟိုဠ်ကျွန်းနှင့် အဆက်အဆံမပြတ်သွားလာခဲ့ကြောင်း အထင်အရှားတွေ့ရ၏။ ၁၈ ရာစု ကုန်းဘောင်မင်းဆက်ရတနာပုံ

> ❖ အောင်မြင်စွာဖြတ်ကျော်လာခဲ့သော (၇၈)နှစ်တာကာလသက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော်(ရေ)သည် ရေမြင့်၍ကြာတင့်ခဲ့ပြီဖြစ်၏၊ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသောအခြေအနေသို့ ရောက်ရှိလာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်းရေတပ်များက ခံ့ညားလေးစားရသော တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့ပြီ . . . ❖

ခေတ်တွင် ရေတပ်ကိုရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များဖြင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့၏။ သာယာဝတီမင်း၏ သာယာဝတီ–ဒဂုံရေကြောင်းချီစစ်သည် မြန်မာ့ရေတပ်၏ အရည်အသွေးကိုထုတ်ဖော်ပြသနိုင်ခဲ့၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် မြန်မာ့ရေယာဉ်တည်ဆောက်ရေးဗိသုကာပညာရှင် **“ဆရာရှမ်း”** တည်ဆောက်ခဲ့သော အမြောက် ၁၄ လက်ပါ ရေနွေးငွေ့စက်တပ်တိုက်သင်္ဘော ရေချနိုင်ခဲ့ခြင်းသည်လည်း မြန်မာတို့၏ ရေယာဉ်တည်ဆောက်မှုသမိုင်းမှာခေတ်နောက်မကျခဲ့ကြောင်း လေ့လာသိရှိရ၏။

စစ်နှင့်သက်ဆိုင်သော စာပေများလေ့လာရာတွင် စစ်အင်္ဂါလေးပါးကိုအခြေခံကြောင်း တွေ့ရှိရ၏။ ၎င်းတို့မှာ ဆင်လည်းတစ်ပါး၊ မြင်းလည်းတစ်ပါး၊ ရထားလည်းတစ်ပါး၊ ခြေသည်လည်းတစ်ပါးဖြစ်ကြောင်း၊ အဆိုပါစစ်အင်္ဂါလေးပါးကိုပင် သေနင်္ဂဟုလည်းခေါ်ကြောင်း လေ့လာသိရှိရ၏။ စစ်အင်္ဂါလေးပါးမှာ ပါဠိကျမ်း၊ သက္ကတကျမ်းများကိုမှီကြောင်း လေ့လာသိရှိရ၏။

ရှေးမြန်မာမင်းများလက်ထက်၌ အမြဲတမ်းတပ်မတော်အဖြစ် ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိဘဲ နိုင်ငံအတွက် လိုအပ်ချိန်မှသာ ဆင့်ခေါ်စစ်မှုထမ်းစေ၏။ ထိုသို့ဆင့်ခေါ်နိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့စသည်ဖြင့်သတ်မှတ်ပေးထား၏။ ဖွဲ့စည်းပေါ်ပေါက်လာသော တပ်မတော်ကိုရာထူးခန့်အပ်ရာ၌လည်း လုပ်ရည်ကြံရည်၊ အရည်အသွေးပေါ်မူတည်ပြီးခန့်အပ်ကြောင်း လေ့လာသိရှိရ၏။ “ခြေလျင် ၁၀ ပွဲရမှ မြင်းတင်၏၊ မြင်း ၁၀ ပွဲရမှ ဆင်သို့တင်၏၊ ဆင် ၁၀ ပွဲရမှ လှေသို့တင်၏၊ လှေ ၁၀ ပွဲရမှ မြို့ပြကံကျွေးပေးပြီး သူကောင်းပြု၏” ဟု လေ့လာသိရှိရ၏။ ထို့ကြောင့် ရှေးအခါက လှေတပ်(ရေတပ်)အား အရည်အသွေးအပြည့်ဝဆုံး စစ်သည်ရဲမက်များဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာသိရှိရ၏။

သို့သော်လည်း ရှေးမြန်မာဘုရင်များလက်ထက် ဖွဲ့စည်းပေါ်ပေါက်ခဲ့သော မြန်မာ့ရေတပ်သည် တိုင်းတစ်ပါးသို့ ကျူးကျော်လိုသော ရည်ရွယ်ချက်ဖြင့် အခိုင်အမာဖွဲ့စည်းခဲ့ခြင်းမရှိခဲ့ပေ။ ပဒေသရာဇ် အချင်းချင်းအားပြိုင်ရာတွင်သာ အသုံးပြုခဲ့ကြ၏။ မြစ်၊ ချောင်းပေါများသော မိမိတို့နိုင်ငံတွင် မြစ်၊ ချောင်းများကိုအခြေခံသော ရေကြောင်းတိုက်ပွဲများ ပေါ်ပေါက်ခဲ့၏။ မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင် တပင်ရွှေထီးနှင့် မုတ္တမစား စောဗညားတို့တိုက်ခိုက်ခဲ့သော မုတ္တမတိုက်ပွဲသည် ထင်ရှားခဲ့၏။ ထို့ပြင် ရာဇဝင်တွင်ထင်ရှားခဲ့သော “စစ်တို့၏သဘောသည် အင်အားနည်းသည်၊ များသည်ဟူ၍ မဆိုရာ၊ လုပ်ရည်ကိုင်ရည်နှင့် အရဲအစွမ်းသာ အရင်းဖြစ်သည်” ဟု ဆိုရိုးပြုခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နောင်ရိုးတိုက်ပွဲသည် ရေကြောင်းတိုက်ပွဲမဟုတ်သော်လည်း မြစ်၊ ချောင်းကိုအခြေခံ၍ စိတ်ဓာတ်ခိုင်မာပြတ်သားမှုကိုအရင်းခံသော တိုက်ပွဲတစ်ခုဖြစ်၏။ အလားတူ ကုန်းဘောင်ခေတ်အတွင်းဆင်နွှဲခဲ့သော အင်းဝတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ၊ ဒေါပုံတိုက်ပွဲစသည်တို့သည်လည်း ထင်ရှားသော ရေကြောင်းတိုက်ပွဲများဖြစ်ခဲ့၏။

ထိုသို့သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာ့ရေတပ်သည် နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်စစ်သုံးကြိမ်တိုက်ခိုက်ခံရပြီး လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ ပျောက်ကွယ်ခဲ့ရ၏။ ကိုလိုနီခေတ် မြန်မာ့ကမ်းရိုးတန်းရေပြင်ကာကွယ်ရေးကို ဗြိတိသျှတို့၏ အရှေ့အိန္ဒိယရေတပ်က တာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယရေတပ်က လွှဲပြောင်းတာဝန်ယူခဲ့၏။ ၁၉၄၀ ပြည့်နှစ်တွင် BRNVR ကို ဖွဲ့စည်းခဲ့ရာ ဗြိတိသျှတော်ဝင်ရေတပ်မှ ဗိုလ်မှူးကြီး ကေအက်စ်လိုင်းက တပ်မှူးကြီး၊ ဘုရင်ခံ ဆာဒေါ်မန်စမစ်က စစ်ဦးစီးဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ မြန်မာနိုင်ငံကိုကျူးကျော်တိုက်ခိုက်လာသောအခါ ဗြိတိသျှတို့ အိန္ဒိယသို့ဆုတ်ခွာရာ၌ BRNVR တို့လည်း လိုက်ပါသွားခဲ့၏။ ဂျပန်တို့က ဗြိတိသျှရေတပ်ဖွဲ့ဝင်ဟောင်းများကိုစည်းရုံးပြီး ဗမာ့လွတ်လပ်ရေးရေတပ်မတော် (BIN) ကို ၁၉၄၂ ခုနှစ် ဖွန်လ ၂၀ ရက်တွင် ဖွဲ့စည်းပေးခဲ့၏။ ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဗြိတိသျှမဟာမိတ်တို့ မြန်မာ့မြေပေါ်ရှိ ဂျပန်တို့ကို တန်ပြန်တိုက်စစ်ဆင်နွှဲခဲ့ရာ BRNVR လည်းပါဝင်တိုက်ခိုက်ခဲ့၏။ ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် တပ်စွဲထားသော ဂျပန်တို့ကို ဗြိတိသျှရေတပ်နှင့်အတူ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့၏။ ၁၉၄၅ ခုနှစ် မေလ ၁၀ ရက်တွင် ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် (Harbour Defence Motor Launch – HDML) ၉ စင်းနှင့်အတူ ရန်ကုန်မြို့သို့ရောက်ရှိခဲ့ရာ ဆုတ်ခွာနေသည့်ဂျပန်တို့၏ ရန်ကုန်မြို့ကိုဖျက်ဆီးမည့်အန္တရာယ်မှ ကာကွယ်နိုင်ခဲ့၏။

> ❖ တပ်မတော်(ရေ)ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်၏ သီလဝါသင်္ဘောကျင်း(ပထမအဆင့်)ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ တပ်မတော်(ရေ)၏ ရေယာဉ်တည်ဆောက်ရေးအခန်းကဏ္ဍမှာ ပိုမိုအရေးကြီးပေ၏။ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တပ်မတော်(ရေ)မှ ကိုယ်တိုင်တည်ဆောက်တပ်တော်ဝင်ပြီးသော စစ်ရေယာဉ်ပေါင်းမှာ ၇၈ စင်းဖြစ်၏။ ထို့ပြင် တပ်မတော်(ရေ)၏အကြီးဆုံးဖရီဂိတ်စစ်ရေယာဉ်ကြီးကိုလည်း ပြီးခဲ့သည့် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် အမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာအခမ်းအနားများကျင်းပခဲ့ . . . ❖

ဗြိတိသျှတို့မြန်မာနိုင်ငံကို ပြန်လည်ချုပ်ကိုင်နိုင်သောအခါ ဗမာ့အပျော်တမ်းအရန်ရေတပ်ကိုအရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦး၊ ဖရီဂိတ်စစ်ရေယာဉ်တစ်စင်း၊ HDML ၁၃ စင်းတို့ဖြင့် အမြဲတမ်းရေတပ်မတော် ဖွဲ့စည်းရန်ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မေလ ၂၅ ရက်တွင် ရန်ကုန်မြစ်လယ်၌ ဖရီဂိတ်စစ်ရေယာဉ် HMS Fal အား ဗြိတိသျှရေတပ်မတော်မှ ဗမာ့အပျော်တမ်းအရန်ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ထိုစဉ်က စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်လက်ခံခဲ့၏။ HMS Fal မှာ စစ်ကြီးအတွင်းက အမှုထမ်းဆောင်ခဲ့သည့်အပြင် ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် ဗမာ့တပ်မတော်သားများက

**စာမျက်နှာ ၇ သို့ ⊃**

⊃ စာမျက်နှာ ၆ မှအဆက်

ဂျပန်တို့ကိုနှိမ်နင်းအောင်မြင်ခဲ့သည်ကို မမေ့နိုင်သည့်အတွက် အမည်ထင်ရှားစေရန် **"စစ်ရေယာဉ်(မေယု)"** ဟု အမည်ပြောင်းလဲလိုက်ကြောင်း၊ ထို့အတွက် မြန်မာလူမျိုးအနေဖြင့် မိမိဂုဏ်ယူကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ထည့်သွင်းမိန့်ခွန်းပြောကြားခဲ့၏။ စစ်ရေယာဉ်(မေယု)လွှဲပြောင်းလက်ခံသည့် အခမ်းအနားတွင် ရေတပ်ထုံးတမ်းစဉ်လာအရ စစ်ရေယာဉ်ပိုင်ဆိုင်သောနိုင်ငံ၏ရေတပ်အလံကို လွှင့်ထူရသည်ဖြစ်ရာ စစ်ရေယာဉ်ဦးပိုင်းအလံတိုင်မှ ဗြိတိသျှရေတပ်အလံအားလျှော့ချပြီး ဗမာ့အပျော်တမ်းအရန်ရေတပ်အလံကို လွှင့်ထူခဲ့၏။ မြန်မာ့လွတ်လပ်ရေးအကြိုရောင်နီဦးသည် မြန်မာ့တပ်မတော်(ရေ) စစ်ရေယာဉ်(မေယု)၌ စတင်ကွန့်မြူးခဲ့ပြီး မကြာမီလွတ်လပ်ရေးရရှိမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ် မြန်မာတစ်မျိုးသားလုံး၊ မြန်မာတစ်နိုင်ငံလုံးက ဝမ်းမြောက်ဝမ်းသာမှတ်ယူကြိုဆိုခဲ့ကြ၏။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်ရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ဖွဲ့စည်းမိန့်အမှတ် (၄၂၄) (Burma Gazette, No. 424) ဖြင့် ဗမာ့အပျော်တမ်းအရန်ရေတပ်အား **"ဗမာ့ရေတပ်မတော်"** အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့၏။ စစ်ရေယာဉ်(မေယု)၏ ပထမဦးဆုံးသော မြန်မာနိုင်ငံသား စစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ဘိုက ဗြိတိသျှဗိုလ်မှူးကြီးကေအက်စ်လိုင်းထံမှ တာဝန်များလွှဲပြောင်းလက်ခံခဲ့၏။ လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နိုင်မှုနှင့်အတူ အရာရှိ၊ စစ်သည်အင်အား၊ စစ်ရေယာဉ်အင်အား၊ လက်နက်ခဲယမ်းအင်အားစသည်တို့ဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းရှိသော တပ်မတော်(ရေ)သည် အခိုင်အမာဖြစ်တည်ပေါ်ပေါက်လာခဲ့၏။

သို့သော်လည်း လွတ်လပ်ရေးနှင့်အပြိုင်ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း၊ လေ)တို့နှင့်အတူ နိုင်ငံလုံခြုံရေး၊ ပြည်သူလူထုကာကွယ်ရေးတို့အတွက် လက်တွဲညီညီ ရှေ့တိုးချီခဲ့၏။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများနှင့် တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ မကြောက်မရွံ့နောက်မတွန့်စတမ်း ရှပ်ရှပ်ချွံချွံဆင်နွှဲခဲ့၏။ တစ်တိုင်းပြည်လုံး ပြည်တွင်းသောင်းကျန်းမှုများကြီးစိုးခဲ့သည့်အတွက် **"ရန်ကုန်အစိုးရ"** ဟု နိုင်ငံတကာကနှိမ့်ချဆက်ဆံခံခဲ့ရချိန်တွင် ရန်ကုန်မြို့ကိုသိမ်းပိုက်ရန်ဦးတည်ချီတက်လာသောသောင်းကျန်းသူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအပြင် ဘီးတပ် ၄၀ မမ အမြောက်များက စွမ်းစွမ်းတမံခုခံကာကွယ်ခဲ့ကြ၏။ တပ်မတော်(ရေ)၏ တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊ ရေသဘက်အမည်တွင်သော ဘီးတပ်အမြောက်များသည် အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကို ရိုက်ချိုးချေမှုန်းနိုင်ခဲ့၏။ စစ်ရေယာဉ်(မေယု)မှ လေးလက်မအမြောက်ကြီး၏ တိကျထိရောက်သောပစ်ကူပေးမှုသည် နာမည်ကျော်ခဲ့ပြီး အင်းစိန်၊ သန်လျင်ကျိုက်ခေါက်၊ ပုသိမ်၊ ကျောက်ဖြူနှင့် မော်လမြိုင်တိုက်ပွဲတို့တွင် သောင်းကျန်းသူများအား ကြောက်ရွံ့တုန်လှုပ်စေခဲ့၏။

**တပ်မတော်(ရေ)သည် စတင်တည်ထောင်ကတည်းကပင် အရာရှိ၊ စစ်သည်များ၏ ရဲစွမ်းသတ္တိရှိစွာဖြင့် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့မှုကြောင့် နိုင်ငံတော်မှ စွမ်းရည်ဘွဲ့တံဆိပ်များပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်၏။ တပ်မတော်(ရေ)စတင်ဖွဲ့စည်းချိန်မှသည် ယနေ့ထိ သီဟသူရတံ့ ၁ ဦး၊ သူရတံ့ ၁၇ ဦး၊ သီဟဗလတံဆိပ် ၂ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၆၈ ဦး၊ ပြည်သူ့သားကောင်းတံဆိပ် ၁ ဦး၊ စစ်သေနာပတိ၏ သူရဲကောင်းလက်မှတ် ၁၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၄၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၆၆ ဦး ချီးမြှင့်ခံခဲ့ရသည်မှာ တပ်မတော်(ရေ)အတွက် ဂုဏ်ယူဖွယ်သမိုင်းမော်ကွန်းပင်ဖြစ်၏။**

အောင်မြင်စွာဖြတ်ကျော်လာခဲ့သော (၇၈)နှစ်တာကာလ သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော်(ရေ)သည် ရေမြင့်၍ကြာတင့်ခဲ့ပြီဖြစ်၏၊ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသော အခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်းရေတပ်များက ခံ့ညားလေးစားရသော တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့ပြီဖြစ်၏။ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တပ်မတော်(ရေ)မှ ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်ပြီးသော စစ်ရေယာဉ်ပေါင်းမှာ ၇၈ စင်းဖြစ်၏။ ထို့ပြင် တပ်မတော်(ရေ)၏ အကြီးဆုံးဖရီဂိတ်စစ်ရေယာဉ်ကြီးကိုလည်း ပြီးခဲ့သည့် (၇၇)နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် အမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာအခမ်းအနားများကျင်းပခဲ့ပြီး တပ်မတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ချီးမြှင့်ခဲ့၏။ တပ်မတော်အကြီးအကဲက **"ယခု ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား နိုင်ငံ၏ပြည်တွင်းရန်ကိုနှိမ်နင်းခြင်း၊ ပြည်ပရန်ကိုကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် "ဖရီဂိတ်စစ်ရေယာဉ်(သာလွန်မင်း)" ဟု ကျွန်ုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်ပေးလိုက်သည်။**

❖ စစ်ရေးကဏ္ဍအတွက် အဓိကတိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်သည်သာမက ပြင်ပနိုင်ငံများမှလည်း အမျိုးအစားစုံလင်အောင် ဝယ်ယူဖြည့်တင်း အားဖြည့်ပေးလျက်ရှိ၏။ တပ်မတော်(ရေ) တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ် "မင်းရဲသိခ်သူ" နှင့် "မင်းရဲကျော်ထင်" တို့ကို (၇၃)နှစ်မြောက်နှင့် (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့များတွင် အသီးသီးတပ်တော်ဝင်နိုင်ခဲ့ . . . ❖

ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း ၁၄၀၀၀၀ ကျော်ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်၏ အဖိုးတန်သယံဇာတများကား ပေါကြွယ်ဝသည်ထက်ပိုလေ၏။ ထို့ပြင်မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ် (Choke Point) နေရာတွင်လည်း တည်ရှိနေပြန်၏။ ထို့ကြောင့် မြန်မာ့ပင်လယ်ပြင်သည် **"ရွှေနိုင်ငံ၏ရွှေပင်လယ်"** ဟု သတ်မှတ်မည်ဆိုပါက မည်သူငြင်းပယ်နိုင်ပါမည်နည်း။

ရွှေပင်လယ်၏တန်ဖိုးကြီးမားပုံကို အလေးထားသော တပ်မတော်အကြီးအကဲက တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ရန် လမ်းညွှန်မှုပြုခဲ့၏။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသောဆောင်ပုဒ်နှင့်အညီ တပ်မတော်(ရေ)၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်တွင် နိုင်ငံတကာစံချိန်စံညွှန်းမီ စစ်ရေယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်စေခဲ့၏။ တပ်မတော်အကြီးအကဲ၏လမ်းညွှန်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ တပ်မတော် (ရေ) အရာရှိ၊ စစ်သည်များ၏ အားထုတ်ကြိုးပမ်းမှုတို့ကြောင့် အဆင့်အတန်းမီ စစ်ရေယာဉ်များကို စဉ်ဆက်မပြတ်တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်နိုင်ခဲ့ကြ၏။ **"ဝယ်ယူအသုံးပြုသူမှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder)"** အဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့၏။

တပ်မတော်(ရေ)ရှိရေတပ်သင်္ဘောကျင်းဌာနချုပ်၏ သီလဝါသင်္ဘောကျင်း(ပထမအဆင့်)ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ တပ်မတော်(ရေ)၏ ရေယာဉ်တည်ဆောက်ရေးအခန်းကဏ္ဍမှာ ပိုမိုအရေးကြီးပေ **ဤစစ်ရေယာဉ်ကြီးနှင့်တကွ စစ်ရေယာဉ်ကြီးနှင့်အတူလိုက်ပါတာဝန်ထမ်းဆောင်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရေယာဉ်သက်တမ်းပြည့် တာဝန်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်"** ဟု မြွက်ကြားကာ အမည်ပေးမင်္ဂလာအခမ်းအနားကျင်းပခဲ့၏။ ထို့နောက် ဖရီဂိတ်စစ်ရေယာဉ်ကြီး၏ ဦးပိုင်းတွင်ချိတ်ဆွဲထားသော ရှန်ပိန်ပုလင်းကိုချည်နှောင်ထားသည့် မင်္ဂလာပိုးကြိုးအား မင်္ဂလာအချိန်တွင် ရွှေပုဆိန်ဖြင့်ခုတ်ဖြတ်၍ ရေတပ်ထုံးတမ်းအစဉ်အလာနှင့်အညီ ရှန်ပိန်ပုလင်းခွဲကာ ရေချပွဲမင်္ဂလာအခမ်းအနားကို တစ်ဆက်တည်းကျင်းပခဲ့ခြင်းဖြစ်၏။ တစ်ချိန်တည်းတွင် နီ၊ စိမ်း၊ ဝါ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ တပ်မတော်(ရေ) စစ်တီးဝိုင်းက စိတ်ဓာတ်တက်ကြွဖွယ် စစ်ချီသီချင်းတီးမှုတ်ဂုဏ်ပြုခြင်းများကို ခမ်းနားထည်ဝါစွာဖြင့် ဆောင်ရွက်ခဲ့၏။

**ဤသို့ တပ်မတော်(ရေ)၏ အကြီးဆုံးဖရီဂိတ်စစ်ရေယာဉ်ကြီးကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်ခဲ့ခြင်းမှာ ရေတပ်သားတို့၏ ကြီးစွာသောကြိုးပမ်းအားထုတ်မှုအပြင် တပ်မတော်အကြီးအကဲ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုနှင့် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးမှုများကြောင့်ပင်ဖြစ်၏။ စစ်ရေယာဉ်ကြီး၏ ခုတ်မောင်းသွားလာမှုစနစ်၊ လက်နက်နှင့်လက်နက်စနစ်၊ ဆက်သွယ်ရေးနှင့် ရေကြောင်းသွားလာမှုစနစ်၊ ရေယာဉ်ကိုယ်ထည်ပိုင်းနှင့် ရေလုံမှုစနစ်စသည့် စနစ်ပေါင်းများစွာကို ပေါင်းစပ်တည်ဆောက်နိုင်ခဲ့ခြင်းမှာပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ညှိနှိုင်းမှု၊ နားလည်စာနာမှုတို့ဖြင့် တွေ့ကြုံခဲ့ရသောစိန်ခေါ်မှုနှင့် အခက်အခဲပေါင်းများစွာကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့၏။ တပ်မတော်(ရေ)၏သမိုင်းမှတ်တိုင်သစ်တစ်ရပ်သာမကပဲ နိုင်ငံတော်နှင့် တပ်မတော်၏အောင်မြင်မှုအဖြစ်လည်း မှတ်ကျောက်တင်ထိုက်၏။**

တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များအကောင်အထည်ဖော်ရန်မှာ တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များအပေါ် များစွာမှီတည်နေ၏။ ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရောနစ်စစ်ဆင်ရေးဟူသော စစ်ဆင်ရေးနယ်ပယ်လေးရပ်လုံးထိရောက်စွာစစ်ဆင်နိုင်ရန် မလွဲမသွေလိုအပ်၏။ ထို့ပြင် ရေတပ်စွမ်းအားသည် ပင်လယ်ပြင်မှ ကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ရေကြောင်းဆိုင်ရာအရင်းအမြစ်(Maritime Resource) များကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ Naval Power ကို Fighting Power အဖြစ် အသုံးချနိုင်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသော အသင့်ဖြစ်မှုသုံးရပ်ဖြင့်ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိ၏။

မည်မျှပင် ခေတ်မီတန်ဖိုးကြီးမားသော စစ်ရေယာဉ်နှင့် စစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုနိုင်ပါက အချည်းနှီးပင်ဖြစ်၏။ တစ်နည်းအားဖြင့် **"တိုက်စွမ်းအား"** ပြည့်စုံရုံနှင့်မလုံလောက်ဘဲ **"တိုက်စွမ်းရည်"** နှင့်လည်း ပြည့်စုံနေရန်လိုအပ်၏။ ထို့ကြောင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်လည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိ၏။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အရာရှိဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံ အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ရှိ၏။ ထို့ပြင် ပြည်ပအလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများသို့လည်း စဉ်ဆက်မပြတ်စေလွှတ်ပါဝင်တက်ရောက်စေလျက်ရှိ၏။ နိုင်ငံတကာရေတပ်များ၊ ဒေသတွင်းရေတပ်များ၊ အိမ်နီးချင်းရေတပ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ ပူးတွဲကင်းလှည့်ခြင်း၊ ပူးတွဲရေကြောင်းတိုင်းတာခြင်းများဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်အကြီးအကဲ၏ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်လမ်းညွှန်ချက်အတိုင်း တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ်ဟန်ချက်ညီတိုးတက်စေရေးကိုမြှင့်တင်ဆောင်ရွက်လျက်ရှိ၏။

ထို့ပြင် တပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့သားကောင်းရတနာပြည်သူ့စစ်မှုထမ်းများကိုလည်း ၎င်းတို့တာဝန်ထမ်းဆောင်မည့်အချိန်ကာလအတွင်း တပ်မတော်(ရေ)အတွက်၊ ၎င်းတို့ကိုယ်တိုင်အတွက် အကျိုးရှိထိရောက်စေမည့် Professional ဘာသာရပ်၊ ပညာရပ်ပိုင်းဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ လက်တွေ့လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိ၏။ အရာရှိ၊ စစ်သည်များ၏ပညာရည်တိုးတက်အောင်မြင်စေရန် အားပေးကူညီလျက်ရှိ၏။ ပညာအရည်အချင်းတိုးတက်မှုနှင့်အညီ သင့်လျော်သောရာထူးအဆင့်အတန်းတိုးမြှင့်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ၏။

စာမျက်နှာ ၈ သို့ ⊃

**၁ စာမျက်နှာ ၇ မှအဆက်**

တာဝန်ထမ်းဆောင်လျက်ရှိသော အမျိုးသား၊ အမျိုးသမီးအရာရှိများကိုလည်း ၎င်းတို့စစ်မှုထမ်းသက်အလျောက် ဖြတ်သန်းရမည့်အနာဂတ်လမ်းပြမြေပုံ (Carrier Road Map) ကို ရေးဆွဲချမှတ်ထားပြီး အရာရှိတစ်ဦးချင်းစီ၏ အနာဂတ်ရည်မှန်းချက်ကို ပုံဖော်ပေးထား၏။

တပ်မတော်(ရေ)၏ လုပ်ငန်းတာဝန်ကဏ္ဍကြီးလေးရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ (Military Role)၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ စာနာအကူအညီပေးရေးကဏ္ဍ (Benign Role)နှင့် သံတမန်ရေးရာကဏ္ဍ (Diplomatic Role) တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စွမ်းဆောင်နိုင်ရေး ရည်မှန်းအကောင်အထည်ဖော်လျက်ရှိ၏။

ကဏ္ဍကြီးလေးရပ်အနက် စစ်ရေးကဏ္ဍသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးဖြစ်ပြီး **"အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဟူသည့် **"မြဲသုံးမြဲ"** ကို လက်ကိုင်ထားကာ **"လေ့ကျင့်၊ ကျွမ်းကျင်၊ အောင်ပွဲဆင်"** ဆိုသည့်ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်မှကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိ၏။ တပ်မတော်(ရေ) စစ်ရေယာဉ်အမျိုးအစားပေါင်းစုံ စုပေါင်းပါဝင်သော စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise – Sea Shield) ကို ၂၀၁၄ ခုနှစ်မှ စတင်လေ့ကျင့်ခဲ့ပြီး တပ်မတော်(ရေ)၏ ပထမဦးဆုံး ရေပြင်မှရေပြင်ပစ် ဒုံးပျံကို အောင်မြင်စွာ ပစ်ခတ်လေ့ကျင့်နိုင်ခဲ့၏။ တပ်မတော်(ရေ)၏ အဆိုပါလေ့ကျင့်ခန်းများအား တပ်မတော်အကြီးအကဲကိုယ်တိုင်နှစ်စဉ်တက်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များအား လမ်းညွှန်မှာကြားခြင်းကြောင့် လေ့ကျင့်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်အစွမ်းထက်လာခဲ့၏။ ပါဝင်လေ့ကျင့်ကြသော တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များအတွက် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အလေ့အကျင့်ကောင်းများကို ရရှိပိုင်ဆိုင်စေခဲ့၏။

စစ်ရေးကဏ္ဍအတွက် အဓိကတိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်သည်သာမက ပြင်ပနိုင်ငံများမှလည်း အမျိုးအစားစုံလင်အောင် ဝယ်ယူဖြည့်တင်း အားဖြည့်ပေးလျက်ရှိ၏။ တပ်မတော်(ရေ) တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ် "မင်းရဲသိခ်သူ" နှင့် "မင်းရဲကျော်ထင်" တို့ကို (၇၃)နှစ်မြောက်နှင့် (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့များတွင် အသီးသီးတပ်တော်ဝင်နိုင်ခဲ့၏။ ရေအောက်ရန်စစ်ဆင်ရေးစွမ်းရည်ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် Submarine Arm ပိုင်ဆိုင်ခြင်းဖြင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ခဲ့၏။ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသောရေတပ် (Three Dimensional Navy) အဆင့်သို့တက်လှမ်းကာ စစ်ရေးကဏ္ဍကို တောင့်တင်းခိုင်မာစေမည်ဖြစ်၏။

မိမိတို့နိုင်ငံနှင့် ပြည်သူတို့အတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍသည်လည်း အရေးကြီး၏။ ရေကြောင်းသွားလာမှု တိုးတက်များပြားလာမှုနှင့်အတူ ပင်လယ်ပြင်အခြေပြုဖြစ်ပေါ်လာသော အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ၊ လက်နက်နှင့်မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ၊ လူမှောင်ခိုကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်လျက်ရှိရာ ၎င်းတို့ကိုထိရောက်စွာ တားဆီးကာကွယ်ရန်လိုအပ်လာ၏။ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်(ရေ)နှင့် လက်တွဲဆောင်ရွက်မည့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၆ ရက်ကစတင်ဖွင့်လှစ်တပ်တော်ဝင်ခဲ့၏။ ထို့ကြောင့် တပ်မတော်(ရေ)နှင့်အတူ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းဆိုင်ရာရဲတပ်ဖွဲ့နှင့် အခြားရေကြောင်းဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်အဝန်းတရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်၏။ ထို့ပြင်အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အခြားအဖွဲ့အစည်းများဖြင့်လည်း ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်၏။

**❖ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊**
**ရည်မှန်းချက်တာဝန်သုံးရပ်နှင့်**
**စစ်ဆင်မှုနယ်ပယ်လေးရပ်ကိုအပြည့်အဝအကောင်အထည်**
**ဖော်နိုင်သော၊ သမိုင်းအစဉ်အလာကောင်းများကို**
**ပိုမိုမြှင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက**
**အားထားရသော တပ်မတော်(ရေ)အဖြစ်**
**အရည်အချင်းပြည့် အရာရှိ၊ စစ်သည်များနှင့်အတူ**
**"တွဲလက်ညီညီ ရှေ့သို့ချီ၊ အောင်လံလွှင့်ဝေ တပ်မတော်(ရေ)"**
**ဖြစ်ပါစေကြောင်း (၇၈)နှစ်မြောက်တပ်မတော်(ရေ)**
**နှစ်ပတ်လည်နေ့ကို ဂုဏ်ပြု . . . ❖**

တပ်မတော်(ရေ)အနေဖြင့် စာနာအကူအညီပေးရေးကဏ္ဍတွင်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိ၏။ မျက်မှောက်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့်အတိဒုက္ခရောက်ကြရသောပြည်သူလူထုကိုကူညီစောင့်ရှောက်လျက်ရှိ၏။ အထူးသဖြင့် ကမ်းရိုးတန်းနေပြည်သူများပိုမိုခံစားလာရသော မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေး၊ မြေပြိုမှုဘေး၊ ဆူနာမီရေလှိုင်းဘေးတို့မှ သက်သာလွတ်ကင်းရန် ဘက်စုံထောင့်စုံနည်းလမ်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ၏။ တပ်မတော်အကြီးအကဲကလည်း သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုက္ခရောက်နေသောပြည်သူကိုစာနာကူညီပေးရန်အတွက် အထက်ဌာနများ၏ အမိန့်ကိုစောင့်နေစရာမလို၊ အမြန်ဆုံးသွားရောက်အကူအညီပေးရန် လမ်းညွှန်မှာကြားထားပြီးဖြစ်၏။

**ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသောပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများကို ခေတ်မီရောဂါရှာဖွေရေးပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)တို့မှ ကျွမ်းကျင်ပါရဂူများ၊ ဆရာဝန်၊ သူနာပြုများဖြင့် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိ၏။ ၂၀၁၃ ခုနှစ်မှ ယနေ့အထိဆေးရုံရေယာဉ်များ၏ ဆေးကုသပေးမှုခရီးစဉ် ၃၉ ကြိမ်အတွင်း စုစုပေါင်းအမျိုးသား၊ အမျိုးသမီးလူနာ ၃၆၈၆၂၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့၏။**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သောအင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုတို့ အပြင်းအထန်ထိခိုက်ခံစားခဲ့ကြရ၏။ အဆိုပါထိခိုက်ခံစားရသောဒေသများသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် တပ်မတော်(ကြည်း၊ လေ)တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ NGO၊ INGO အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုကူညီရေးအသင်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လက်တွဲ၍ အမြန်ဆုံးသွားရောက်ကာ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့၏။ ဖေးမကူညီခဲ့၏။ နှစ်သိမ့်အားပေးခဲ့၏။

သံတမန်ရေးရာကဏ္ဍသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတပ်များအတွက် အဓိကကျ၏။ နိုင်ငံအချင်းချင်းဖြစ်ပွားနေသော ပဋိပက္ခအငြင်းပွားမှုများတွင် စစ်ဆင်တိုက်ခိုက်စရာမလိုဘဲ ရေတပ်အင်အားပြသခြင်းဖြင့် အသာစီးရရှိရန်စွမ်းဆောင်နိုင်၏။ ကမ္ဘာ့သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော အလွန်ထိရောက်အကျိုးရှိသည့် အင်အားပြသမှုလည်းဖြစ်၏။

**ယနေ့တပ်မတော်(ရေ)သည် မိမိကမ်းရိုးတန်းကိုသာ ကာကွယ်နိုင်စွမ်းရှိသော Coastal Navy အဆင့်မဟုတ်တော့ဘဲ မိမိတို့၏သီးသန့်စီးပွားရေးဇုန်အထိ ကာကွယ်စောင့်ရှောက်နိုင်သော ရေတပ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၏။ နိုင်ငံတကာရေတပ်အခမ်းအနားများသို့ မိမိတို့၏စစ်ရေယာဉ်များစေလွှတ်တက်ရောက်စေခြင်း၊ အပြန်အလှန်လည်ပတ်စေခြင်း၊ အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေတပ်များဖြင့် နီးကပ်စွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သံတမန်ရေးရာကဏ္ဍကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်ခဲ့၏။**

ထို့ပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာဆီယံရေတပ်ဦးစီးချုပ်များတွေ့ဆုံဆွေးနွေးပွဲ (ASEAN Navy Chiefs' Meeting–ANCM) များကိုလည်း နှစ်စဉ်ပါဝင်တက်ရောက်၍ သံတမန်ရေးရာကဏ္ဍတွင် လစ်ဟင်းမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၏။ မိမိတို့နိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးရမည့် 9th ANCM ကို ၂၀၁၅ ခုနှစ်ကလည်းကောင်း၊ 18th ANCM ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလကလည်းကောင်း နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့၏။ တပ်မတော်(ရေ)၏ သံတမန်ရေးရာကဏ္ဍကို ပိုမိုအသက်ဝင်ရှင်သန်စေခဲ့ခြင်းပင်ဖြစ်၏။

မြန်မာ့တပ်မတော်(ရေ)အပါအဝင် နိုင်ငံတကာရေတပ်များသည် ယနေ့ခေတ်ကာလတွင် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရလျက်ရှိ၏။ အကြီးမားဆုံးခြိမ်းခြောက်မှုမှာ သဘာဝဘေးအန္တရာယ်ပင်ဖြစ်၏။ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ပြင်းထန်သည့်မုန်တိုင်းကြီးများ၊ ဆူနာမီရေလှိုင်းများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုများကို ဖြစ်ပေါ်စေပြီး ပင်လယ်ကမ်းရိုးတန်းနေဘဝများကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိ၏။ ထို့ပြင် ပင်လယ်ပြင်ညစ်ညမ်းမှု၊ တရားမဝင်ငါးခိုးဖမ်းမှု၊ သဘာဝသယံဇာတများအလွန်အကျွံထုတ်ယူမှု၊ ပင်လယ်ပြင်မှ တရားမဝင်မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း သယ်ဆောင်ရောင်းဝယ်မှုများ၊ လူများအစုလိုက်အပြုံလိုက်ရွှေ့ပြောင်းဝင်ရောက်မှု၊ ပင်လယ်ပြင်အခြေပြုအကြမ်းဖက်တိုက်ခိုက်မှု စသည့်အခြားခြိမ်းခြောက်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်၏။ ဖြတ်သန်းကျော်လွှားပြီးခဲ့သည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို အတွေ့အကြုံကောင်းများ၊ အောင်မြင်မှုအတွက် လှေကားထစ်များအဖြစ် ခံယူလျက်ဆက်လက်ကျော်ဖြတ်သွားရမည်သာဖြစ်၏။

ယနေ့တပ်မတော်(ရေ)သည် အထက်ပါခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများအပြင် ပြည်တွင်းအကြမ်းဖက်ဆူပူသောင်းကျန်းမှုများကိုလည်း ရင်ဆိုင်နှိမ်နင်းလျက်ရှိ၏။ အဆိုပါအခက်အခဲ၊ အကျပ်အတည်းများအကြားမှ ရနိုင်သမျှသောအရင်းအမြစ် (Resource) များကို အပြည့်အဝစုစည်းအသုံးချ၍ဉာဏ်ရည်တု (Artificial Intelligence–AI) ကဲ့သို့သော အဆင့်မြင့်နည်းပညာများ ပေါင်းစပ်အသုံးချကာ သုတေသနပြုတီထွင်ထုတ်လုပ်ကြိုးစားမှုများကြောင့် အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနေရပြီဖြစ်၏။ အဆိုပါအောင်မြင်မှုများက တပ်မတော်(ရေ)ရှိ **"တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား"** ကို ဆပွားတိုးတက်စေမည်ဖြစ်၏။

သို့ဖြစ်၍ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန်သုံးရပ်နှင့် စစ်ဆင်မှုနယ်ပယ်လေးရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်သော၊ သမိုင်းအစဉ်အလာကောင်းများကို ပိုမိုမြှင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးကအားထားရသော တပ်မတော်(ရေ)အဖြစ် အရည်အချင်းပြည့် အရာရှိ၊ စစ်သည်များနှင့်အတူ **"တွဲလက်ညီညီ ရှေ့သို့ချီ၊ အောင်လံလွှင့်ဝေ တပ်မတော်(ရေ)"**ဖြစ်ပါစေကြောင်း (၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

MWD Education, Knowledge & Sports Channel
၂၄-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ – ၀၈:၃၀ Grade – 7 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ – ၁၆:၅၅ Grade – 7 အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၃။ ၁၆:၅၅ – ၁၇:၅၀ Grade – 7 သင်္ချာ(၂)၊ ပထဝီဝင်
၄။ ၁၇:၅၀ – ၁၈:၂၀ Grade – 7 သမိုင်း၊ သိပ္ပံ

MWD Variety Channel
၂၄-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၁:၃၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၂၂:၃၅ သိလိုသမျှ ကျန်းမာရေးကဏ္ဍ

# ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံနေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး



လွိုင်ကော် ဒီဇင်ဘာ ၂၃

ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက်ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များအား ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံခြင်းလုပ်ငန်းအား ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ်ခန်းမသို့ ရောက်ရှိကာ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသူမိန်းကလေးငယ်များနှင့် ကျောင်းပြင်ပမိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးရန် ပြင်ဆင်နေမှုအခြေအနေများနှင့် ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် မိန်းကလေးငယ်များအားလုံး ထိုးနှံပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စနစ်တကျပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့်မိန်းကလေးငယ်များကို အာဟာရဖြည့်စွက်စာများပေးအပ်ပြီး မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို သက်ဆိုင်ရာဒေသန္တရဆေးခန်းများ၊ ရပ်ကွက်ဆေးထိုးစုရပ်များ၌ ဒီဇင်ဘာလ ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် မိန်းကလေးငယ်စုစုပေါင်း ၃၇၀၀ ကျော်အား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

# အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်လှစ်သင်ကြား



ဘားအံ ဒီဇင်ဘာ ၂၃

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ပူးပေါင်းကျင်းပသော အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် စာကြည့်တိုက်ပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးလျက်ရှိပြီး စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်ပညာရပ်များကို အားတက်သရောလေ့လာသင်ယူ၍ မိမိတို့စာကြည့်တိုက်များတွင် ပြန်လည်အသုံးချကာ လူငယ်များစာဖတ်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်လှစ်ခြင်းအတွက် ပံ့ပိုးငွေကျပ် ၃၆၅၀၀၀၀ ကို ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ အခြေခံပညာကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြောင်းသိရသည်။ (၄၀၆)

# ပဲခူးမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ် မရှိသူများကို နေ့ချင်းပြီးဆောင်ရွက်ပေး

ပဲခူး ဒီဇင်ဘာ ၂၃

ပဲခူးမြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီကကြီးမှူးပြီး ဒီဇင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ မိုးလုံလေလုံအားကစားခန်းမအတွင်း၌ ပဲခူးမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ခြင်းမရှိသူများနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်ခြင်း ဆောင်ရွက်သူများကို One Stop Service ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက နေ့ချင်းပြီးဆောင်ရွက်ပေးသည်။

ထိုသို့နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်း ဦးဆောင်သည့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အသက် ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်မပြုလုပ်ရသေးသည့်သူများ၊ ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်မည့်သူများကို မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ကာ မဲပေးနိုင်ရေးအတွက် One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်း Biometric(UID) ကတ်ပြုလုပ်ပေးခြင်းတို့ဆောင်ရွက်ပေးသည်။

ထို့နောက် One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။ (၄၀၁)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၀၀ | Market News | ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် | ၅။ | ၁၅:၃၅ | Happy Zone |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

(၇၈)နှစ်မြောက် တပ်မတော်(ရေ)
နှစ်ပတ်လည်နေ့ ဂုဏ်ပြုကဗျာ

## (၇၈)နှစ်မြောက် တပ်မတော်(ရေ)နေ့သို့ ဂုဏ်ပြုခြင်း

* တောတောင်ရေမြေ
လှိုင်းကြမ်းတွေကြား
မနေအပ်အားလည်း
ပေးထားတာဝန်
တို့ကျေပွန်မှ
မြန်မာ့သားကောင်း
သရဖူဆောင်း၏...။

* ရန်သူ့နယ်မြေ
တို့ရှာဖွေကာ
ခိုနေပုန်းအောင်း
နေသော်ကြောင်းလည်း
ထောင်းထောင်းကြေလျက်
ချေမှုန်းလျက်ပင် တို့တာဝန်...။

* တို့၊ ရေ၊ လေ၊ မြေ
ကာကွယ်နေ၍
မသွေထမ်းရွက်
ရှေ့သို့ဆက်သော်
ပြည်တော်တစ်ဝန်း
တင့်ရွှန်းသာယာ
လဝန်းပမာတည့်...။

* တို့သက်ချွေးသွေး
တိုင်းပြည်ရေးမို့
မနှေးထမ်းရွက်
ပြည်သူ့တွက်ရည်
ရှေ့သို့ချီကာ
ရေတပ်မဟာသည်...။

* တို့ရဲ့မဟာမြေ
တို့ရေတပ်သား
မနေအားလပ်
အထပ်ထပ်ချေမှုန်း
ကမ္ဘာဆုံးဆီ
တိုင်းပြည်ကောင်းကျိုး
သယ်ပိုးဆောင်ရွက်
သစ္စာတည်လျက်ရှိစေမည်...။ ။

မျိုးဝင်းမောင်(အဖျောက်ရွှေမြေ)

# ဆေးဖက်ဝင် သံပရာသီး



သံပရာသီးသည် ဗီတာမင်- C အလွန်ကြွယ်ဝပြီး အရည်ရွှမ်းသည့်အသီးဖြစ်ကာ အင်္ဂလိပ်လို Lime ဟုခေါ်ပြီး Rutaceae မျိုးရင်းဝင်ဖြစ်ကာ ရုက္ခဗေဒအားဖြင့် Citrus Aurantifolla Linn var acida ဟုခေါ်သည်။ အသီးအရွက်သုပ်စားသည့်အခါ သံပရာသီးကို အရည်ညှစ်၍ ထည့်စားလေ့ရှိသည်။ သံပရာသီး၏ အမွှေးနံ့ကလည်း အနံ့အသက်များကိုထိန်းပေးပြီး ခေါင်းမူးသည့်အခါတွင်ဖြစ်စေ သို့မဟုတ် အအီစာများစားပြီးသည့်အခါတွင်ဖြစ်စေ သံပရာရည်သောက်လိုက်လျှင် ကြည်လင်လန်းဆန်းစေပြီး ခရီးသွားသည့်အခါ သံပရာသီးဆောင်သွားခြင်းဖြင့် ခေါင်းမူးခေါင်းကိုက်ဝေဒနာများကို သက်သာစေနိုင်သည်။

**ဓာတ်တိုးဆန့်ကျင်**
**အာနိသင်ကြွယ်ဝသောသံပရာသီး**

ဓာတ်တိုးပစ္စည်းများပြားခြင်းသည် ဆဲလ်များကို ပျက်စီးစေနိုင်သကဲ့သို့ နှလုံးရောဂါ၊ ဆီးချိုနှင့် ကင်ဆာရောဂါကဲ့သို့ နာတာရှည်ရောဂါများကိုဖြစ်စေနိုင်သောကြောင့် ဓာတ်တိုးပစ္စည်းကြွယ်ဝစွာပါဝင်သော သံပရာသီးသည် ဆဲလ်များကို ထိခိုက်ပျက်စီးခြင်းမဖြစ်စေရန် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။

**ကိုယ်ခံအားကောင်းစေနိုင်သောသံပရာသီး**

သံပရာသီးတွင် များပြားစွာပါဝင်သော ဗီတာမင် – C သည် သွေးဖြူဥဆဲလ်ထွက်ရှိမှုကို တိုးစေရန်ကာကွယ်ပေးပြီး ခန္ဓာကိုယ်တွင်း ရောဂါပိုးများဝင်ရောက်ကူးစက်ခြင်းမျိုးမဖြစ်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဗီတာမင် –C က အနာကျက်မြန်စေသကဲ့သို့ ရောင်ရမ်းမှုကိုလည်းသက်သာစေပြီး ကော်လာဂျင်ထွက်ရှိမှုကို လှုံ့ဆော်ပေးကာ ဆဲလ်များကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်ခြင်းမဖြစ်စေရန် အကောင်းဆုံးကာကွယ်ပေး၍ ကိုယ်ခံအားကို မြှင့်တင်ပေးသည်။ သံပရာသီးသည် ဗီတာမင်–C ချို့တဲ့မှုကြောင့်ဖြစ်သော စကာဗီဟုခေါ်သည့်ရောဂါကို ကုသပေးနိုင်သောကြောင့် သာမန်အအေးမိဝေဒနာများ၊ မကြာခဏဖျားနာသူများ တွေ့ကြုံနေရသော နှုတ်ခမ်းကွဲ၊ ကျီးကန်းပါးစပ်အနာ၊ လျှာနှင့်ခံတွင်း၌ အနာလေးများပေါက်ပါက သံပရာသီးစားပေးသင့်သည်။

**အရေပြားကျန်းမာစေသောသံပရာသီး**

ဆေးဖက်ဝင်သံပရာသီးကို အရည်ဖျော်၍ သောက်နိုင်ပြီး အရေပြားတွင်လည်း နည်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်သည်။ ဗီတာမင်–C ကြောင့် ရောဂါကူးစက်ခံရမှုကို ကာကွယ်ပေးနိုင်သည်။ သံပရာသီးတွင် ဗီတာမင်–C ပါဝင်မှုကြောင့် ကော်လာဂျင်ထွက်ရှိမှုကို လှုံ့ဆော်ပေးပြီး အရေးအကြောင်းဖြစ်ခြင်းကို လျော့ပါးစေကာ အသားအရေခြောက်သွေ့မှုကင်းပြီး အရေပြားပြဿနာကင်းဝေးစေသည်။ အသက်အရွယ်ကြောင့်ဖြစ်သည့် အရေပြားပြဿနာများကို အထိရောက်ဆုံးကာကွယ်ပေးသောကြောင့် သံပရာသီးက အသားအရေကို ကျန်းမာလှပစေရန် အကောင်းဆုံးအားဖြည့်ပေးသည်။

**ကိုယ်အလေးချိန်လျှော့ချနိုင်သောသံပရာသီး**

သံပရာသီးတစ်လုံးထည့်ပြီး နှပ်ထားသောရေနွေးသည် ကိုယ်အလေးချိန်လျှော့ချရာတွင် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ခေါင်းကိုကြည်လင်လန်းဆန်းစေသည်။ တစ်ရက်လျှင် သံပရာသီးရေနွေးနှစ်ခွက်သောက်ခြင်းဖြင့် တစ်ပတ်အတွင်း သိသာထင်ရှားသည့်ရလဒ်ကို ရရှိနိုင်သည်။

**နှလုံးရောဂါကို ကာကွယ်ပေးသောသံပရာသီး**

ဗီတာမင်–C ကြွယ်ဝသည့် သံပရာသီးက သွေးပေါင်ချိန်ကိုထိန်းညှိပေးပြီး ကမ္ဘာပေါ်၌ သေဆုံးမှုအများဆုံးဖြစ်သည့် နှလုံးရောဂါမဖြစ်စေရန် ကာကွယ်ပေးသောကြောင့် နှလုံးရောဂါမဖြစ်လိုပါက သံပရာသီးစားပေးရန်လိုအပ်သည်။ သံပရာသီးသည် သွေးကြောများတွင် အဆီစုပုံခြင်းမဖြစ်စေရန်နှင့် နှလုံးသွေးကြောကျဉ်းမှုမဖြစ်စေရန် ကာကွယ်ပေးသည်။ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးနိုင်သည့် အမျှင်ဓာတ်ကြောင့် သွေးဖိအားကိုကျစေပြီး ကိုလက်စထရောများကို ဖယ်ရှားပေးနိုင်သည့်အပြင် သွေးကြောရောင်ရမ်းမှုများကိုလျော့ပါးစေသဖြင့် နှလုံးရောဂါ၊ နှလုံးလုပ်ဆောင်ချက် ရုတ်တရက်ရပ်ဆိုင်းခြင်းနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

**အသက်ရှူလမ်းကြောင်းရောဂါများ**
**သက်သာစေသောသံပရာသီး**

Flavonoid ဓာတ်ကြွယ်ဝသည့် သံပရာအဆီကို ပရုတ်ဆီ၊ Inhaler ရှူဆေး စသည့် သလိပ်ပျော်၊ ချွဲကြေစေသည့် သောက်သုံးရန်မဟုတ်သော ဆေးဝါးများတွင် အသုံးပြုကြသည်။ သံပရာခွံကို ခြစ်ပြီးရှူရုံဖြင့် ရင်ကျပ်နှင့် မအီမသာဖြစ်ခြင်းကို ချက်ချင်းသက်သာပျောက်ကင်းစေနိုင်သည်။

**ဝမ်းချုပ်ခြင်းကိုသက်သာစေသော သံပရာသီး**

သံပရာသီးတွင်ပါဝင်သည့် အက်စစ်ဓာတ်သည် အစာခြေလမ်းကြောင်းကို သန့်ရှင်းစေရန် အထောက်အကူပြုသည့်အပြင် ဝမ်းချုပ်ခြင်းကိုလည်း သက်သာစေသည်။ သဘာဝဝမ်းနုတ်ဆေးအဖြစ် သံပရာရည်ကို ဆားခတ်ပြီးသောက်နိုင်သည်။

**ဆီးချိုသွေးချိုအတွက် သင့်လျော်သောသံပရာသီး**

သံပရာသီးအပါအဝင် အချဉ်သီးများသည် ဆီးချိုသွေးချိုဝေဒနာရှင်များအတွက် အလွန်သင့်လျော်သော အသီးအနှံဖြစ်သည်ဟု အမေရိကန်ဆီးချိုသွေးချိုဆိုင်ရာအဖွဲ့ကြီးမှဆိုသည်။

**ဆီးလမ်းကြောင်းဆိုင်ရာကိစ္စများကို**
**ကုသပေးနိုင်သောသံပရာသီး**

ကျောက်ကပ်နှင့်ဆီးအိမ်အတွင်း စုပုံနေသည့် အဆိပ်အတောက်ဓာတ်များကို ဖယ်ရှားရာတွင် ထိရောက်သည့်အာနိသင်ရှိသည်။ ရောဂါပိုးများကို သေစေနိုင်သည့်အစွမ်းကြောင့်လည်း ဆီးလမ်းကြောင်းတွင်ပိုးဝင်ခြင်းကို ကုသပေးနိုင်သည်။ ထို့ပြင် အမျိုးသားများတွင်အဖြစ်များသည့် ဆီးကျိတ်ဖြစ်ပေါ်မှုကိုတားဆီးပေးသည်။

**ဂေါက်ရောဂါကိုသက်သာစေသောသံပရာသီး**

သံပရာသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ အဆိပ်အတောက်များဖယ်ရှားရေးဓာတ်များဖြစ်သည့် ဗီတာမင်–C နှင့် Flavonoid ဓာတ်များ ပါဝင်သောကြောင့် ဂေါက်ရောဂါဖြစ်ခြင်း၏ အဓိကအချက်နှစ်ခုဖြစ်သည့် ခန္ဓာကိုယ်တွင်း၌ Free Radicals များနေမှုနှင့် ယူရစ်အက်စစ်အပါအဝင် တခြားအဆိပ်အတောက်ဓာတ် များပြားနေမှုတို့ကို ဖယ်ရှားပေးနိုင်သည်။

**ယူရစ်အက်စစ်ကိုဖယ်ရှားပေးနိုင်သော သံပရာသီး**

အဆစ်နာဖြစ်ရခြင်း၏ အကြောင်းရင်းများထဲမှ တစ်ခုမှာ ခန္ဓာကိုယ်ထဲမှ ဆီးနှင့်အတူစွန့်ထုတ်ဖယ်ရှားသင့်သည့်အရာများထဲတွင်ပါဝင်သည့် ယူရစ်အက်စစ်များ ခန္ဓာကိုယ်တွင်း၌ များနေသောကြောင့်ဖြစ်သည်။ သံပရာသီးတွင်ပါဝင်သည့် Citric Acid သည် ယူရစ်အက်စစ်များပျော်ဝင်နိုင်သည့် ပျော်ရည်တစ်မျိုးဖြစ်ပြီး ယူရစ်အက်စစ်များကို ဆီးနှင့်အတူပို၍စွန့်ထုတ်နိုင်စေသည်။ သံပရာသီးတွင် Citric Acid ပါဝင်မှုကြောင့် ကျောက်ကပ်ကျောက်မတည်စေရန် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။

**အသားအရေကိုလှပစေသောသံပရာသီး**

သံပရာသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ပဋိဇီဝပိုးသတ်အာနိသင်များ ပါဝင်သောကြောင့် သံပရာသီးဖြင့် အသားအရေကို ပွတ်တိုက်ပေးပါက အရေပြားဆဲလ်သေများကို ဖယ်ရှားပေးနိုင်သည်။ ဗောက်များ၊ အရေပြားနီမြန်းမှုများကိုလည်း သက်သာပျောက်ကင်းစေပြီး ရေချိုးသည့်အချိန်တွင် သံပရာရည်အနည်းငယ်ထည့်ချိုးရုံဖြင့် အသားအရေကို သန့်ရှင်းလန်းဆန်းစေနိုင်သည်။ ယားနာ၊ ပွေးနာ၊ အရေပြား၌ အမည်းကွက်များပေါက်ခြင်း၊ အမွှေးကျွတ်ခြင်းတို့ဖြစ်ပွားလျှင် သံပရာသီးကို ထက်ခြမ်းခွဲ၍ ပွတ်တိုက်ပေးပါက ပျောက်ကင်းစေသည်။

**အဆိပ်သင့်နာပျောက်ကင်းစေသောသံပရာသီး**

သံပရာရည်ကို သကြားအနည်းငယ်ထည့်၍ သောက်ပါက အရက်မှဖြစ်တတ်သောအဆိပ်၊ အစားအစာမှဖြစ်သောအဆိပ် စသည့်အဆိပ်သင့်နာများကို ပျောက်ကင်းစေနိုင်သည်။ ထမင်းစားပြီးနောက် အော့အန်ခြင်းဖြစ်ပါက သံပရာရည်ကို သောက်ပေးနိုင်သည်။

**ချောင်းဆိုးခြင်း၊ အဆစ်အမျက်ကိုက်ခြင်းကို**
**ပျောက်ကင်းစေသောသံပရာသီး**

သံပရာရည်ကိုသကြားခတ်၍သောက်ပါက အဆီများ၍ချောင်းဆိုးခြင်း၊ သည်းခြေအားနည်းခြင်း၊ အဆစ်အမျက်ကိုက်ခြင်းကို ပျောက်ကင်းစေနိုင်သည်။

**သွားရောဂါများပျောက်ကင်းစေသောသံပရာသီး**

သံပရာရည်ကို သကြားအနည်းငယ်ထည့်၍ မနက်၊ ညနှစ်ကြိမ်မှန်မှန်သောက်ပါက သွားမှသွေးယိုခြင်းကို ပျောက်ကင်းနိုင်သည်။ သံပရာသီးတစ်လုံးကို မီးကျွမ်းအောင်ဖုတ်၍ လေးညှင်းပွင့်တစ်ပွင့်ကြိတ်ထည့်ပြီး သွားအရင်း၌သိပ်ပေးခြင်းဖြင့် သွားကိုက်သွားနာ ပျောက်ကင်းစေသည်။

**အစာချေဖျက်နိုင်စွမ်းကောင်းသော သံပရာသီး**

သံပရာသီးသည် ခံတွင်းမှ တံတွေးပိုထွက်စေနိုင်သောကြောင့် အစာချေဖျက်မှုကို အထောက်အကူပြုသည်။ သံပရာသီး၏သဘာဝအက်စစ်ဓာတ်နှင့် Flavonoid ဓာတ်များကြောင့် အစာခြေစနစ်ကိုနှိုးဆွပေးပြီး အစာခြေရည်နှင့် အက်စစ်များ ပိုထွက်စေနိုင်သည်။ ထို့ကြောင့် အိန္ဒိယနှင့်အိမ်နီးချင်းနိုင်ငံများ၌ ထမင်းစားသည့်အခါတိုင်း သံပရာသီးကို ထည့်စားလေ့ရှိသည်။

**ခေါင်းကိုက်မူးဝေမှုကို**
**ပျောက်ကင်းစေသောသံပရာသီး**

ခေါင်းကိုက်နေပါက လက်ဖက်ရည်ကျကျကျိုပြီး သံပရာရည်ညှစ်သောက်ပါက ပျောက်ကင်းစေသည်။ သံပရာရည်ကို နေ့စဉ်သောက်ပေးပါက အထိုင်အထပြုလုပ်ရာတွင် မူးဝေတတ်သောဝေဒနာများကို ပျောက်ကင်းစေသည်။

**နှာခေါင်းသွေးယိုခြင်းနှင့်လည်ချောင်းနာခြင်းကို**
**ပျောက်ကင်းစေသောသံပရာသီး**

သံပရာသီးလတ်လတ်ဆတ်ဆတ် အရည်ကို နှာခေါင်းတွင်းသို့ညှစ်ထည့်ပါက နှာခေါင်းသွေးယိုခြင်းကို ပျောက်ကင်းစေသည်။ သံပရာရည်ပူပူနှင့် ပျားရည်ရော၍ နေ့အချိန်တွင် နှစ်ကြိမ်မျှလျက်ပါက လည်ချောင်းနာခြင်းကို ပျောက်ကင်းစေသည်။

**အဖျားရောဂါပျောက်ကင်းစေသောသံပရာသီး**

အရည်ရွှမ်းသည့်အချဉ်သီးများသည် ဗီတာမင်–C ကြွယ်ဝမှုကြောင့် အဖျားကျစေနိုင်သည့်အာနိသင်ရှိသည်။ ဖျားနေသူတစ်ယောက်အတွက် သံပရာရည်က အလွန်အထောက်အကူပြုနိုင်သည်။ သံပရာပင်အခေါက်ကို ရေနှင့်ထက်ဝက်ခန့်ကျို၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သောက်ပေးပါက အဖျားပျောက်ကင်းစေသည်။

**ခေါင်းတစ်ခြမ်းကိုက်ခြင်းနှင့်ဆီးအောင့်ခြင်းကို**
**ပျောက်ကင်းစေသော သံပရာစေ့**

သံပရာစေ့ကိုကြိတ်ပြီး နားသယ်တွင်လိမ်းပေးပါက ခေါင်းတစ်ခြမ်းကိုက်ရောဂါပျောက်ကင်းစေသည်။ ကြွေမီးဖုတ်နှင့် သံပရာရည်ဖျော်၍သောက်ပါက ဆီးအောင့်ခြင်းကို ပျောက်ကင်းစေသည်။ သံပရာသီးအစိမ်း၏အခွံကိုစားပါက လေနာခြင်းပျောက်ကင်းစေသည်။

**သံပရာသီးနှင့်မတည့်သောသူများ**

သံပရာသီးသည် အစာအိမ်သမားများအတွက် မသင့်တော်ပါ။ သံပရာရည်ကို အလွန်အကျွံမဟုတ်ဘဲ ချိန်ဆ၍သာ သောက်သင့်သည်။ သံပရာသီးသည် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ များများစားမိပါက ထိခိုက်စေနိုင်သောကြောင့် ရောဂါအခံရှိသူများ၊ သွေးကျဆေးသောက်နေသူများနှင့် တခြားကျန်းမာရေးအခြေအနေတစ်ခုကြောင့် ဆေးသောက်နေရသူများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်၍ အသုံးပြုသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ဗီတာမင်–C ကြွယ်ဝသော သံပရာသီးကို ပါးပါးလှီးပြီး ဖန်ခွက်တစ်လုံးထဲတွင်ထည့်၍ ရေနွေးထည့်ကာ နေ့စဉ်သောက်ပေးပါက ကျန်းမာရေးကိုအကျိုးပြုသည့်အပြင် သံပရာရည်တွင်ပါဝင်သည့် Citric Acid နှင့် Flavonoids တို့သည် သွေးပေါင်ချိန်ကိုထိန်းညှိပေးနိုင်ပြီး သွေးကြောအတွင်း သွေးခဲခြင်းကို ကာကွယ်ပေးနိုင်သည်။ သံပရာရည်သည် သွေးကိုသန့်စင်စေကာ အားအင်တိုးစေပြီး ကြွက်တက်ခြင်း၊ လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းကို သက်သာစေသည့်အပြင် အဆီများကိုလည်း လျှော့ချပေးနိုင်သည်။ သံပရာသီးကို အသုပ်၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါးတို့တွင် ညှစ်စားပါက အချဉ်ဓာတ်ဖြင့် ခံတွင်းရှင်းစေသည်။ သံပရာရည်ကို နေ့စဉ်မနက်တိုင်းသောက်ပေးပါက ပိုမိုကျန်းမာရွှင်လန်းလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅)ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ရုံးအမှတ် (၄၆)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကိုဗစ်-၁၉ အထူးချေးငွေဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံသားပိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းကြီးများသို့ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ချေးငွေများ ထုတ်ချေးနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ လွှဲပြောင်းပေးသည့်ငွေကျပ် ၂၁၄ ဒသမ ဂ၉၆ ဘီလီယံကို ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်တွင် "ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း" (OA-013830) ကို ဖွင့်လှစ်ထိန်းသိမ်းထားရှိဆောင်ရွက်ခဲ့ကြောင်း၊ ထပ်မံ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်တွင် ငွေကျပ် ၂၅ ဒသမ ၈၂၁ ဘီလီယံကို ထပ်မံခွဲဝေရရှိခဲ့သဖြင့် စုစုပေါင်းရန်ပုံငွေကျပ် ၂၃၉ ဒသမ ၉၁၇ ဘီလီယံရှိခဲ့ကြောင်း။



ယခင်ကိုဗစ်-၁၉ အထူးချေးငွေဦးဆောင်ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် နောက်ဆုံးကျင်းပခဲ့ကြောင်း။

ယခုအခါ "ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့"တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ နေကြာသီးနှံနှင့် ဆီထွက်သီးနှံကဏ္ဍများသို့ အသီးသီးထုတ်ချေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်းထူထောင်ခြင်းနှင့် ချေးငွေအပေါ်ဆောင်ရွက်ထားရှိမှုနှင့် ချေးငွေထုတ်ချေးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ခြောက်လတစ်ကြိမ်မှတ်တမ်းတင်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ ချေးငွေထုတ်ချေးမှုများနှင့် ချေးငွေများအား ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်များတွင် ပြန်လည်ပေးဆပ်နိုင်ရေး ချေးငွေထုတ်ယူထားသောလုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို အကြံပြုသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၃

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ စိစစ်တင်ပြထားသော ချေးငွေများ၏လိုအပ်ချက်များကို အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးရာတွင် ငလျင်ချေးငွေများကို သတ်မှတ် SOP နှင့်အညီ ကိုက်ညီစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များအရ အာမခံအဖြစ် လက်ခံသင့်သော မြေအမျိုးအစားများကို ဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များက ဘဏ်နှင့်ဘဏ်မဟုတ်သောငွေရေးကြေးရေး အဖွဲ့အစည်းများက ဆောင်ရွက်ရန်လိုအပ်ချက်များကို သေချာစိစစ်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ချေးငွေထုတ်ချေးနိုင်ရေး ချေးငွေတစ်ခုချင်းအတွက် အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေပမာဏကို ဆွေးနွေးကြပြီး ပိုမိုကောင်းမွန်သည့် ချေးငွေစိစစ်မှု မူဘောင်တစ်ရပ်ရရှိစေရန်အတွက် ဗဟိုကော်မတီအဖွဲ့ဝင်များအားမှာကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရုပ်သိမ်းခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ် သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center) တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ သွေးပြန်ရည်ကျိတ်ကင်ဆာ လူနာနှစ်ဦးကို ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ ကျန်းမာရေးကောင်းမွန်သဖြင့် ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိပြီဖြစ်ကြောင်းသိရသည်။

လူနာနှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် လမ်းမတော်မြို့နယ်နေ ၅၈ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်ပြီး အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant)ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/ သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်ထိ ၁၀ ဦး စုစုပေါင်း ၂၅ ဦးကိုဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ



## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူအချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ကျောက်ခဲအင်းကျေးရွာအနီးရှိ လျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေ ၄၆၀၀ အမှတ်(၂) ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် အမြန်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက်ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ သမဝါယမစိုက်ပျိုးရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အထွက်တိုးမျိုးနှင့် သွင်းအားစုများပံ့ပိုးပေးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဒေသခံများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကူနစ်လုံးဆည်စုကျေးရွာအုပ်စု ငွေးတောက်ရိုးကျေးရွာနှင့် ဘုန်းကြီးကျောင်းဆက်သွယ်သောလမ်းကိုကြည့်ရှုစစ်ဆေးပြီး သာသနာရေးဦးစီးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း၍ လာမည့်ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရိစာလမ်းလျာထားဆောင်ရွက်ပေးရန် မှာကြားကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန်ကျည်းကုန်းကျေးရွာလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပေ ၂၂၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ လမ်းဘေးဝဲ/ယာရေမြောင်းများ တူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသောလမ်းပိုင်း ဆက်လက်ခင်းပေးနိုင်ရေးတင်ပြချက်အပေါ် လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။



မြဝတီ

# မူလဓာတုဗေဒဓာတ်ခွဲခန်း တည်ဆောက်ပြီးစီးမှုအခြေအနေ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်ရှိ သုတေသနဌာနဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် မူလဓာတုဗေဒဓာတ်ခွဲခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက မူလဓာတုဗေဒ ဓာတ်ခွဲခန်း တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများတပ်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတုဗေဒပစ္စည်းများကို အမြန်ဆုံးစမ်းသပ်စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်ဆေးမည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်၊ မူလဓာတုဗေဒဓာတ်ခွဲခန်း၌ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်ဆေးမည့် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန် မှာကြားပြီး မူလဓာတုဗေဒဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများအား စစ်ဆေးနိုင်မည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မူလဓာတုဗေဒဓာတ်ခွဲခန်းအား သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များအပေါ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများမှ ဖြစ်ပေါ်လာသော ထိခိုက်မှုနှင့်အန္တရာယ်ကို ကာကွယ်ရန်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံက အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ပြည်တွင်းလိုအပ်ချက်များအရ ဓာတုပစ္စည်းများ၏အန္တရာယ်အဆင့်အပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့် ကန့်သတ်ဓာတုပစ္စည်းစာရင်း ထုတ်ပြန်ရန်၊ "ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာအမိန့်"အရ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းအပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်စေရန်၊ ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှု မရှိစေရန်အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ရန်နှင့် လုပ်ငန်းရှင်များကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်သက်ဆိုင်သော သင်တန်းများနှင့် အသိပညာပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

မူလဓာတုဗေဒဓာတ်ခွဲခန်းအနေဖြင့် Heavy Metal Element များ၊ ဓာတုပစ္စည်းများကို ဓာတ်ငွေ့အဖြစ်ပြောင်းလဲစေပြီး ဒြပ်ပေါင်းအမျိုးအစားနှင့် ပါဝင်မှုပမာဏကိုတိုင်းတာခြင်း၊ အဏုဇီဝပိုးမွှားများ စသည်တို့ကို စမ်းသပ်စစ်ဆေးနိုင်ပြီး မူလဓာတုဗေဒဓာတ်ခွဲခန်း ထူထောင်ခြင်းဖြင့် ပြည်ပမှ တင်သွင်းလာမည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျ ဓာတ်ခွဲတိုင်းတာ စစ်ဆေးပေးနိုင်ခြင်းအားဖြင့် သက်ရှိများ၏ အသက်အန္တရာယ်နှင့်ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ဂေဟစနစ်အပေါ် ဆိုးရွားသောထိခိုက်မှုများ လျော့နည်းစေခြင်း၊ ဓာတုပစ္စည်းများ၏ အန္တရာယ်အဆင့်အပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့် ကန့်သတ်ဓာတုပစ္စည်းစာရင်းထုတ်ပြန်ပေးခြင်းဖြင့် ဆိုးရွားသည့် ထိခိုက်မှုများကို ကာကွယ်ပေးနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကိုကြီးကြပ်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ပါးစေခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊ လုပ်ငန်းရှင်များကိုလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် သက်ဆိုင်သောသင်တန်းများနှင့် အသိပညာပေးခြင်းဖြင့် ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှုမရှိစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သုတေသနဌာနအနေဖြင့် ဆေးဝါးအမယ်သစ်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ထုပ်ပိုးမှုစနစ်များကိုလည်း ခေတ်မီဒီဇိုင်းနည်းပညာများဖြင့် ဈေးကွက်အတွင်း ထိုးဖောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်ပစ္စည်းများကိုလည်း စစ်ဆေးပေးသွားရန်နှင့် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကိုလည်း အများပြည်သူ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေး လိုအပ်သလို စစ်ဆေးပေးသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် တရုတ်ယွမ်ဖြင့် ဆောင်ရွက်နေမှုများ၊ တရုတ်ယွမ်ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုတို့တွင် ငွေပေးချေမှုပိုမိုချောမွေ့ အဆင်ပြေစေရန်နှင့် နှစ်နိုင်ငံအကြား ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

**၂၃-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ဝါးခယ်မမြို့ရှိ ဒေါ်ပိုက်မိဘိုးဘွားရိပ်သာနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ရှိ ဒေါ်ပိုက်မိဘိုးဘွားရိပ်သာသို့သွားရောက်၍ ရိပ်သာမှတာဝန်ရှိသူများ၊ ဘိုးဘွားများနှင့်တွေ့ဆုံသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဘိုးအဘွားများအနေဖြင့် မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေး၊ နိုင်ငံသားကတ်ပြားပျောက်ဆုံး၊ ပျက်စီးပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးသို့ ပြန်လည်လျှောက်ထားရယူကိုင်ဆောင်နိုင်ရေး၊ အဘိုးအဘွားများ၏ Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ဆောင်ရွက်ထုတ်ပေးနိုင်ရေး၊ အဘိုးအဘွားများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုမေးမြန်းပြီး အဘိုးအဘွားတစ်ဦးချင်းထံ အလှူငွေနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာအတွက် ဆိုလာမီးများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့ရှိမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး လက်ရှိနိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်နေမှု၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်နိုင်ရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ကတ်ပြားပျောက်ဆုံး၊ ပျက်စီးပါက သက်ဆိုင်ရာလဝကရုံးသို့ ဆက်သွယ်လျှောက်ထားဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအတွက် ဆိုလာမီးများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဝါးခယ်မမြို့ မဟာဓမ္မိကာရုံကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်းတိုက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ လူငယ်လေးများအနက် အသက်ပြည့်မီသူလူငယ်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# လျှော်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် ရေကူးကန် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် ရေကူးကန် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အထူးတန်းပွဲကြည့်စင် ပြန်လည်ပြုပြင်နေမှု၊ VIP အခန်းမှန်များတပ်ဆင်ထားမှုတို့ကို အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်/စံညွှန်းပြည့်မီပြီးအချိန်မီတည်ဆောက်ပြီးစီးစေရေးတို့အတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။


ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်နှင့် ဒိုင်ဗင်ကန်အောက်ခံကြမ်းခင်းနှင့် ဘေးပတ်လည် ကြွေပြားအသစ် ပြန်လည်ပြုပြင်နေမှုနှင့် ရေကူးကန်များ ရေလဲလှယ်သည့် မြေအောက်စက်ခန်း ပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ စာအုပ်များလှူဒါန်းပေးအပ်ပွဲကို တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးအေးမြင့်ကြူ (ကလောင်အမည် – ချစ်ဆွေမြင့်) ရေးသားသည့် "ဒေသ Tourism ဖွံ့ဖြိုးရေး အမေးအဖြေများ" စာအုပ်များကို လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးသူကိုယ်စား စာအုပ်များအား လွှဲပြောင်းပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယခုလှူဒါန်းသည့် "ဒေသ Tourism ဖွံ့ဖြိုးရေးအမေးအဖြေများ" စာအုပ်များသည် တက္ကသိုလ်များရှိ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့်ဘာသာရပ်များ လေ့လာနေသူများအတွက် အခြေခံအကိုးအကားစာအုပ်များဖြစ်ပြီး အထူးသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ (Bachelor of Tourism and Hospitality Management–BTHM) ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာအထောက်အကူပြုစေရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းများ၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်ဌာနချုပ်အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်သက်ဆိုင်ရာကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) စက်များနှင့်ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုများကို သွားရောက်စစ်ဆေးပြီး မဲရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# မြိတ်မြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟာန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်ပေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟာန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

## တိမ်အသင့် အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# ပြည်သူတို့ အရည်အသွေးပြည့်မီသည့် EV များသုံးစွဲနိုင်စေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ယမန်နေ့မွန်းလွဲပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ကျင်းပသည့် လျှပ်စစ်သုံးယာဉ်(Electric Vehicle၊ EV) စစ်ဆေးခြင်းသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ ဆက်စပ်ဌာနများ၊ ပြည်သူတို့နှင့် ပြင်ပလုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီသောသင်တန်းကို ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပြည်သူတို့ဘေးအန္တရာယ်ကင်းရှင်းစွာ အရည်အသွေးပြည့်မီသည့် EV များကို ဝယ်ယူသုံးစွဲနိုင်ရေးအတွက် EV ဆိုင်ရာ ပြဋ္ဌာန်းပြီးစံချိန်စံညွှန်းများကို သိရှိနားလည်ရန်အပြင် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာနည်းပညာများကိုကျွမ်းကျင်မှုရှိရန် လိုအပ်လာသဖြင့် သင်တန်းသားများသည် ပြည်သူတို့ အရည်အသွေးပြည့်မီသည့် EV များ သုံးစွဲနိုင်စေရေးအတွက် အမှန်တကယ်စစ်ဆေးပေးနိုင်သည့် ကျွမ်းကျင်ပညာရှင်များဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ မဆုတ်မနစ် ကြိုးပမ်းသင်ယူလေ့ကျင့်ကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းနည်းပြတစ်ဦးက သင်တန်းဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်ပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာ မြန်မာစံချိန်စံညွှန်း ၁၈ ခုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးသည် EV အလုပ်ရုံအတွင်း လေ့လာလေ့ကျင့်နေမှုအခြေအနေများကို လှည့်လည်အားပေးကာ လိုအပ်သည်များမှာကြားသည်။

သင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလ သုံးရက်အတွင်း တစ်ရက်လျှင် ၈ နာရီနှုန်းဖြင့် သင်တန်းချိန် ၂၄ နာရီ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

✯ **စာမျက်နှာ ၁၇ မှအဆက်**

ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်းအလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆွေမျိုးရင်းချာစိတ်ထားပြီး နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရင်းနှီးနွေးထွေးသည့် ဘာသာဝင်များကြားမှ အဆိုပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုအပ်ပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ လေးစားယုံကြည်မှုလျော့ပါးအောင်လုပ်ဆောင်လာသည့် မည်သည့်သွေးထိုးနှောင့်ယှက်မှုမျိုးကိုမဆို မိသားစုစိတ်ရင်းဖြင့် လက်တွဲပူးပေါင်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘာသာတရားတိုင်းတွင် အကျင့်တရား၊ စောင့်ထိန်းအပ်သောတရားဆိုသည့်ဘုံတူညီမှုများကိုတွေ့ရှိရပြီး အဆိုပါအကျင့်တရားများသည် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှုကို အဓိကအခြေခံထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းမှုများသည် လူသားများအတွက် ရုပ်ပိုင်းဆိုင်ရာငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုများကို အင်အားကြီးမားစွာအထောက်အပံ့ပေးနိုင်ပြီး လူမှုအသိုက်အဝန်းတစ်ခုလုံးကို စည်ပင်သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သဖြင့် ဘာသာတရားသည် မွန်မြတ်သောအဆုံးအမအဖြစ် ခိုင်ခိုင်မာမာယုံကြည်သည်ကို ပြောကြားလိုကြောင်း။

ထိုသို့ဘာသာတရားများအပေါ်အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားကာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ပြည်ထောင်စုကြီးပေါ်ပေါက်လာစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ် ငြိမ်းချမ်းစွာလျှောက်လှမ်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယ မိတ်ဆုံစားပွဲကို အတူတကွ သုံးဆောင်ကြစဉ်။

ယနေ့ကဲ့သို့အခါသမယကောင်းဖြစ်သည့် ခရစ္စမတ်ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားတွင် ဦးဆောင်ကျင်းပပေးကြသည့် ခရစ်ယာန်ဘာသာဝင်ဆရာတော်ကြီးများနှင့်ဘာသာဝင်များ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာတစ်ဝန်းတွင် နေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင်များအားလုံး မွေးနေ့တော်မှစ၍ ငြိမ်းချမ်းခြင်းအနှစ်သာရများကို ကိုယ်စီပိုင်ဆိုင်ပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်းလိုက်ပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဇေံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဒေါက်တာဦးအေးမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းစကားပြောကြားပြီး မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) မက်သဒစ်အင်္ဂလိပ်အသင်းတော်သံစုံတီးဝိုင်းအဖွဲ့က ခရစ္စမတ်သံစုံဓမ္မတေးသီချင်းအား သီဆိုတီးမှုတ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဒေါက်တာမျိုးမြင့်ဦး ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲ အတုံ့အပြန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister ရှုဖီးက သမ္မာကျမ်းစာဖတ်ကြားခြင်းကိုလည်းကောင်း၊ ခရစ္စမတ်ဓမ္မဒေသနာချီးမြှင့်ဟောကြားခြင်းကိုဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုကလည်းကောင်း အသီးသီးဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကိုပေးအပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ထို့နောက် သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရဒေါက်တာမောရစ်လျန်နာက ခရစ္စမတ်အခါသမယ မိတ်သဟာယမိတ်ဆုံစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကိုဆောင်ရွက်သည်။

ယင်းနောက် “တိတ်ဆိတ်ည သန့်ရှင်းည” ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။ ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံးခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နှစ်သစ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပါစေကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး မိသားစု၊ မြန်မာပြည်သူပြည်သားအားလုံးကောင်းချီးမင်္ဂလာများ ရရှိပါစေကြောင်းဖြင့် ဆုမွန်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယမိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

➢ **ကျောဖုံးမှအဆက်**

ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင်လည်း ဝန်ချိန်ပြည့်တွဲဆိုင်းများချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခန္ဓနီးထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့်ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို (၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်ကို (၁)ရက် ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ရထားများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် (၅)ရက်ကြိုတင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၉၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉၈၈၀-၉၄၂၆၀၁ (ပျဉ်းမနား)၊ ၀၉၈၈၀၉၄၂၆၀၈ (ရန်ကုန်)တို့အား ကြိုတင် Booking ပြုလုပ်၍ MMQR Code ဖြင့် အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များ လက်မှတ်ဝယ်ယူရာတွင်လည်း လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**မြဝတီ**

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၅.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၅ | ၂၈.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၆ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၇ | ။ | လေအိတ် အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၈ | ။ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့လာရောက်စဉ်ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုအား ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အခမ်းအနား တက်ရောက်လာကြသူများ ဓမ္မတေးသီချင်းကျူးချေါင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြစဉ်။

★ ရှေ့ဖုံးမှအဆက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော် သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် မြို့မိမြို့ဖများ တက်ရောက်ကြသည်။



ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို ခရစ္စမတ်ကောင်းချီးဆုမွန်စကား ပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ်ကက်သလစ် ဘုရားကျောင်းတော်ကြီးသို့ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကြိုဆိုနှုတ်ဆက်ပြီး ခရစ်ယာန်လူငယ်လေးများက ခရစ်ယာန်ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့သည် သီဆိုတီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်လေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရားကျောင်းတော်ကြီးအတွင်းရှိပုပ်ရဟန်းမင်းကြီးဖရန်စစ်မြန်မာနိုင်ငံသို့လာရောက်စဉ် အသုံးပြုခဲ့သည့် လှည့်လည်ယာဉ်များကို ကြည့်ရှုပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့လာရောက်စဉ် ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုနှင့်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့၏ ခရစ္စမတ်ဆုတောင်းပွဲများနှင့်မိတ်သဟာယပွဲတော်များ ကျင်းပပြုလုပ်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။



မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) မက်သဒစ်အင်္ဂလိပ်အသင်းတော် သံစုံတီးဝိုင်းအဖွဲ့က ခရစ္စမတ်သံစုံဓမ္မတေးသီချင်းအား သီဆိုတီးမှုတ်ကြစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားဒုတိယပိုင်းကျင်းပမည့် ဘုရားကျောင်းတော်အတွင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော် မြန်မာနိုင်ငံသာသနာအဖွဲ့ချုပ် သိက္ခာတော်ရဆရာ ဦးဖိုးဖိုးလှက အဖွင့်ဆုတောင်းစကား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

❖ **ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံစည်းမျဉ်းများသဖွယ် တွေ့မြင်ကြရမည်လည်းဖြစ်၊ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်းသာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်မိ . . .**

❖ **မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်းမြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြခြင်းပင်ဖြစ်၊ မည်သို့ပင်ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်း အလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မလွှိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် ဆွေမျိုးရင်းချာစိတ်ထားပြီး နိုင်ငံတော်၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ် . . .**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ထံ ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့်သိက္ခာတော်ရဆရာဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကိုပေးအပ်စဉ်။

ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ဓမ္မတေးသီချင်းကျူးချေါင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ၎င်းနောက် တေးသံရှင်ပန်းရောင်ခြယ်က ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းအားသီဆိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင်ရာသီသဘာဝနှင့် အခါသမယတို့ပေါင်းစုံချိန်တွင် ယခုကဲ့သို့ကျရောက်လာသည့် ခရစ္စမတ်ပွဲတော်နှင့်အတူ ခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး ဘာသာတရား၏မေတ္တာရိပ်အောက်တွင် ချစ်ခြင်းမေတ္တာများနှင့် ငြိမ်းချမ်းသာယာခြင်း ရှိကြပါစေရန် ဆုမွန်ကောင်းဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ခရစ္စမတ်ပွဲတော်သည် လူသားများကြားတွင် ချစ်ခြင်းမေတ္တာတရားများကို လွှမ်းခြုံစေသည့်အပြင် ခရစ်ယာန်ဘာသာဝင်များ၏ မွန်မြတ်သည့် အနှစ်သာရတစ်ခုကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်ကိုပြောကြားလိုကြောင်း။

ယနေ့ လူသားအားလုံး ခိုလှုံရာကမ္ဘာကြီးတွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဆိုသည့် အဓိကဘာသာကြီး ၄ မျိုးအဖြစ် သတ်မှတ်ထားသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံစည်းမျဉ်းများသဖွယ်တွေ့မြင်ကြရမည်လည်းဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်းသာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်မိကြောင်း။

လူမှုအဖွဲ့အစည်းတစ်ခုမှစတင်ပြီး လူမှုအသိုက်အဝန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမှသာလူသားများရှင်သန်ရပ်တည်ရာ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးနှင့်တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတတရားများသည် လူ့အသိုက်အဝန်းကြားတွင် နိုင်လိုမင်းထက်မှုများ၊ သတ်ဖြတ်ညှဉ်းဆဲမှုများစသည့် ဒုစရိုက်တရားများကိုသာ ဆင့်ကဲဖြစ်ပေါ်စေကြောင်း၊ ဘာသာတရားများ၏အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့် ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွင်း ကိုးကွယ်ခွင့်ဆိုင်ရာနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၃၄ တွင် **"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သောအခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်"** ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပေးထားပြီး ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing attends Christmas Thanksgiving and Fellowship Banquet

NAY PYI TAW December 23

The Myanmar Council of Churches organized a Christmas Thanksgiving and Fellowship Banquet at St. Mary's Cathedral in Botahtaung Township of Yangon Region this morning, attended by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing.

Also present on the occasion together with the Senior General were his wife Daw Kyu Kyu Hla, SSPC Secretary General Ye Win Oo and wife, SSPC members and wives, union ministers and wives, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief and wives, the Yangon Command commander, the Yangon Mayor, bishops and reverends from Myanmar Council of Churches, Myanmar Catholic Dioceses, Myanmar Evangelical Christian Alliance and Myanmar Christian Missionary Cooperation Committee, officials from Interfaith Dialogue Group, guests, Christians, Catholic youths and Christian town elders.

The Senior General along with the members, arrived at St. Mary's Cathedral Church, where they were welcomed by the Catholic Archbishop, Cardinal Charles Bo, and senior clergies, and Christian youths singing hymns and playing musical instruments.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing and Daw Kyu Kyu Hla and Catholic Archbishop, Cardinal Charles Bo posed for documentary photos together with the Christian youths of the welcoming party.



Senior General Min Aung Hlaing views Popemobiles.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing exchanges Christmas gifts with Catholic Archbishop, Cardinal Charles Bo.

The Senior General and wife and party viewed the Popemobiles of Pope Francis during his visit to Myanmar in the St. Mary's Cathedral, and watched the video clips on activities of the Pope during the visit to Myanmar in November 2017 and the prayer service conducted by Senior General Min Aung Hlaing and Cardinal Charles Bo.

The Senior General and wife and party arrived in the Cathedral, the venue of the second part of the ceremony, and were welcomed by bishops and reverends from Myanmar Council of Churches, Myanmar Catholic Dioceses, Myanmar Evangelical

See Page - 19




Senior General Min Aung Hlaing enjoys the performance of Christian youths.

■■ From Page - 18
Christian Alliance and Myanmar Christian Missionary Cooperation Committee, and officials from Interfaith Dialogue Group.

The ceremony began with the opening prayer of blessing by Reverend U Pho Pho Hla of the Seventh-day Adventist Church of Myanmar Union Mission.

The Senior General and wife and the audience sang the hymn "Oh Pleasant Myanmar."

Chairman of the Myanmar Council of Churches Archbishop Stephen Than Myint Oo delivered a welcoming speech, and vocalist Pan Yaung Chel sang a hymn praising the virtues of God.

In his Christman greetings, the Senior General prayed for all Christians, citizens of Myanmar and global people to be in the embrace of loving kindness and serenity in this Christmas that falls at a time when season and occasion are appropriate and align. Christmas puts humanity under the umbrella of love and kindness and reflects the noble essence of Christians.

It is common knowledge that today in this world, which is a sanctuary for all mankind, has many faiths while Buddhism, Christianity, Hinduism, Islam are designated as the four main religions of the world. In fact, religion is a teaching, with love, compassion, and empathy as the basic principles. The Senior General expressed belief that only love and compassion of the religions can serve a guide for humanity towards peace and tranquility.

He said the world will be a peaceful and prosperous place only if there is peace beginning from a single social organization to the entire human society. Human relations strained with hatred and grudge can evolve into criminal acts such as victimization, killings and tortures in the human society. Only the religious teachings of love and sympathy can eliminate criminal acts and create a world where peace, tranquility and love prevail.

Regarding faith, section 34 of the 2008 Constitution stipulates, **"Every citizen is equally entitled to freedom of conscience and the right to freely profess and practise religion subject to public order, morality or health and to the other provisions of this Constitution."** Hence, freedom of worship has been granted for every religion.

In Myanmar, Buddhists, Christians, Hindus, Muslims and followers of other religious beliefs have been living together for eons. It is known to all that despite different religious beliefs, followers of different religions have served the interests of the country out of the kinship and union spirit based on mutual respect without offence, discrimination and harming against each other.

It is necessary to preserve the friendly, warm and fine traditions among followers of different religious beliefs and everyone is urged to join hands to defend against any instigation that tries to undermine unity and respect through the family spirit.

It can be seen that there are common ethics and principles of self-restraints in every religion and such ethical principles are based on mental well-being. As mental purity powerfully contributes a lot to physical peaceful developments and prosperity of the entire society, it is firmly believed that religions are sacred teachings.

Upholding the peace principles based on these religions, everyone is urged to make efforts to take the path toward the emergence of the stable, peaceful and developed union and multi-party democracy aspired by the entire national race people peacefully.

I pray for Christian cardinals and Christians who organize the Christmas gathering , guests, citizens and Christians across the world to enjoy the essence of peace and happiness since Christmas.

Then, Rev. Dr Aye Min, Chairman of the Myanmar Evangelical Christian Alliance, prayed for the Senior General and the band of the Methodist Church (Lower Myanmar) Methodic English Church performed a carol service.

Afterward, the congregation led by Chairman Rev. Dr Myo Myint Oo of the Myanmar Council of Churches extended greetings while Sister Rufee read out the bible and Cardinal Charles Bo delivered a Christmas sermon.

Then, Cardinal Charles Bo, Archbishop Steven Than Myint Oo and Rev. Dr Aye Min presented a Christmas gift, greetings and a gemstone painting to the Senior General and his wife, who presented Christmas gifts to the cardinals.

Rev. Mahn Palmerston extended Christmas greetings and Rev. Dr Morris Liana expressed thanks to the organizers of the fellowship dinner.

Then, the congregation sang the hymn Silent Night, Holy Night and Cardinal Charles Bo extended greetings, saying may all human beings be blessed with auspiciousness on the occasion of Christmas, may Myanmar be blessed with prosperity in the New Year and may the Senior General and wife and family and all Myanmar people be blessed with auspiciousness.

Afterward, the Senior General and wife cordially greeted the attendees.

Then, the Senior General, wife and party and guests the thanksgiving fellowship meal hosted by the Myanmar Council of Churches. **100**

# Taze Township grows more than 1,000 acres of maize and sweet corns

TAZE December 23

YeU District Agriculture Department stated that local farmers have grown more than 1,000 acres of maize and sweet corns in Taze Township of Sagaing Region.

During the 2025–2026 winter crop season, farmers in Taze Township have planned to cultivate 320 acres of maize and 1,529 acres of sweet corn — a total of 1,849 acres. Cultivation began in October this year, and as of today, 314 acres of maize and 1,528 acres of sweet corn, totaling 1,842 acres, have already been cultivated.

"The plan for this year's winter crop season in Taze Township is to grow a total of 1,849 acres of maize and sweet corn. As of today, 1,842 acres have already been cultivated. We are working to ensure that the full targeted acreage is achieved. At present, cultivation progress is even exceeding expectations in some areas. To ensure successful crop growth, we have been providing awareness programs on pest and disease prevention," said U Zaw Myint Tun, Head of the Agriculture Department of YeU District.

This year, the Taze Township Agriculture Department has been conducting training sessions and field demonstrations for farmers cultivating maize and sweet corn. The department is also implementing preventive measures against fall armyworm infestations and promoting integrated pest management systems, including the use of neem-based pesticides and proper application of insecticides on crops such as ginger and chilli.

In Taze Township, seed maize cultivation produces over 50 baskets per acre, with an average production cost of about Ks-500,000 per acre. Sweet corn yields around 15,000 ears per acre, with a cultivation cost exceeding Ks-500,000 per acre. **SK**

# Wetlet Township cultivates over 1,000 acres of winter green grams

WETLET December 23

More than 1,000 acres of green grams have been planted in Wetlet Township, Shwebo District, Sagaing Region, during this year winter crops planting season, according to the statistics of the Department of Agriculture for Wetlet Township.

In the 2025-2026 winter crops planting season, 2,794 acres of winter green grams have been planned for Wetlet Township, and planting has begun since October this year, and 1,820 acres have been planted to date.

"We are working to ensure that the target acres of winter green grams are planted. We are also conducting field visits to learn the necessary technologies, varieties, and pest and disease prevention methods during winter crops planting season," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

The Township Agriculture Department is educating farmers growing green grams in Wetlet Township on the importance of obtaining good varieties that are suitable for the region, clean seeds, proper planting methods, pest control, systematic use of fertilizers, and good yields.

**SMK**

# Trump unveils plans for new US battleships

WASHINGTON December 23

US President Donald Trump has announced plans to introduce a new class of battleships for the US Navy's 'Golden Fleet', claiming they will be the biggest and most powerful ever built.

Speaking Monday from Mar-a-Lago during what the White House called a "major announcement," Trump said he approved two ships to start, with plans for up to 25. He was joined by Secretary of War Pete Hegseth, Secretary of State Marco Rubio, and Secretary of the Navy John Phelan.

Larger than WWII-era Iowa-class ships, the 'Trump-class' vessels will carry hypersonic missiles, rail guns, and lasers, according to the US president. The Wall Street Journal, which first reported the president's plans, wrote that the US Navy plans to procure the first ship in 2030.

"As you know, we're desperately in need of ships," Trump said. "They'll be the fastest, the biggest, and by far, 100 times more powerful than any battleship ever built."

The plan is part of a wider naval expansion with both manned and unmanned ships.

Officials have warned that the US trails China in shipbuilding capacity and output. When asked whether the new warships were intended as a counter to America's chief rival, Trump declined to single out Beijing. "It's a counter to everybody," he said.

The announcement comes as Washington's operations in the Caribbean have ramped up, with the US Coast Guard targeting oil tankers linked to Venezuela.

Since September, US Navy ships have been deployed to intercept vessels that the White House claims were involved in drug trafficking and to block oil shipments. Caracas denies the claims and has accused Washington of seeking regime change to access its resources.

The US Navy has also been active in the Red Sea, where it has responded to attacks on commercial shipping linked to regional conflicts.

Last week another new set of vessels, based on the US Coast Guard's Legend-class National Security Cutter, were announced by the US Navy.

"Recent operations from the Red Sea to the Caribbean make the requirement undeniable - our small surface combatant inventory is a third of what we have," Chief of Naval Operations Daryl Caudle said. "We need more capable blue water small combatants to close the gap and keep our [destroyers] focused on the high-end fight," he added.

The US Navy recently canceled a smaller warship project due to delays and cost overruns and continues to face challenges with its Ford-class carriers and Columbia-class submarines.

**RT**

# Iran says missile program aimed at defending national sovereignty "non-negotiable"

TEHRAN December 23

Iranian Foreign Ministry spokesman Esmaeil Baghaei said on Monday Iran's missile program has been developed to defend the country's sovereignty and is "non-negotiable."

He made the remarks at a weekly press conference in response to a question about whether recent Israeli and U.S. media reports on a possible new Israeli military action against Iran were meant to pressure Tehran into talks over its missile program.

Citing unidentified sources, NBC News reported on Saturday that Israeli Prime Minister Benjamin Netanyahu would seek to persuade U.S. President Donald Trump at an upcoming meeting that Iran's expansion of its ballistic missile program poses a threat that could require swift action.

Iran's defence capabilities, Baghaei stressed, were designed to deter potential aggressors and were in no way negotiable or subject to bargaining.

He added that the recent media focus on Iran's missile program was part of the "hybrid warfare" waged against Iran by Israel, with the assistance of the United States and hostile media outlets.

On June 13, Israel launched major surprise airstrikes on multiple locations in Iran, including nuclear and military sites, killing senior commanders, nuclear scientists and civilians. On June 22, U.S. forces bombed Iran's nuclear facilities in Natanz, Fordow and Isfahan.

**Xinhua**

# Cyclone Ditwah affected 374,000 workers across Sri Lanka: ILO

COLOMBO December 23

Around 374,000 Sri Lankan workers are located in areas affected by floods and landslides triggered by Cyclone Ditwah, a preliminary employment assessment released by the International Labor Organization (ILO) said on Tuesday.

The ILO said potential earnings losses in the affected districts could reach about 48 million U.S. dollars per month. Informal and low-wage workers are particularly vulnerable, as many lack access to adequate social protection and shock-absorbing safety nets, it said.

The organization also noted that agriculture and related activities, including plantations and fisheries, have been severely hit. Up to 23 percent of rice-cultivating land has been affected by the floods, and the country's world-famous tea industry was estimated to suffer output losses as high as 35 percent.

In the short term, the ILO called for measures to sustain livelihoods, such as providing emergency cash assistance and rolling out relief-related work opportunities such as debris removal and infrastructure reconstruction, with wages sufficient to meet workers' household needs.

The organization also urged support for micro, small and medium-sized enterprises through grants and subsidies to help repair equipment, restart operations, and retain workers.

**Xinhua**



# Russian, Venezuelan FMs voice concern over U.S. actions in Caribbean

MOSCOW December 23

Russian and Venezuelan foreign ministers on Monday voiced grave concern over "increasing escalatory actions" by Washington in the Caribbean Sea, the Russian Foreign Ministry said.

During a phone conversation, Russian Foreign Minister Sergei Lavrov and Venezuelan Foreign Minister Yvan Gil said that the developments have far-reaching consequences for the region and pose a threat to international shipping.

Lavrov reaffirmed Russia's comprehensive support and solidarity with the leadership and people of Venezuela under the current circumstances, said the ministry in a news release.


The two sides agreed to maintain close bilateral cooperation and coordinated actions on international platforms, primarily at the United Nations, to ensure respect for state sovereignty and the principle of non-interference in internal affairs, the ministry said.

**Xinhua**

# 491 illegal buildings used in online scam and gambling activities in the KK Park area systematically demolished; buildings used for online scam and gambling operations in Myawady and surrounding areas sealed and confiscated

NAY PYI TAW December 23

The Government of Myanmar is carrying out coordinated operations involving security forces, administrative bodies, and local authorities to crack down on online scam and gambling activities. These efforts include clearing illegal buildings in the Shwe Kokko and KK Park areas—where such activities are most heavily based—confiscating items used in online scam and gambling operations, and systematically demolishing illegal structures.




Demolition of illegally constructed four-storey residential buildings in KK Park Area (Section 3).

As part of these ongoing anti–online scam and gambling operations, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which had been used for online scam and gambling activities, were additionally demolished today. As a result, out of a total of 635 illegal buildings in the KK Park area, 491 have now been systematically demolished. Among the illegal buildings in the KK Park area, those that had already been demolished using heavy machinery have also been further destroyed using incendiary methods to ensure complete destruction. This process has been carried out since December 14. As of today, an additional five two-storey buildings have been destroyed, bringing the total number of two-storey buildings completely demolished to 41.

In addition, to prevent illegal foreign nationals from residing in buildings and to prevent online scam and gambling activities in Myawady town and surrounding areas of Kayin State, joint inspection and clearance operations involving security forces, administrative bodies, and local authorities have been conducted since December 8. To date, inspections have been completed on 464 buildings, and 12 buildings were identified as having been used for online scam and gambling activities. To prevent any further use, these buildings have been sealed and confiscated.

Furthermore, equipment and materials used in online scam and gambling activities in the KK Park and Shwe Kokko areas were also systematically destroyed by fire today to prevent reuse. It is reported that the government regards the fight against online scam and gambling as a national duty and will continue its efforts to ensure that such activities cannot take root anywhere in Myanmar, working not only with domestic forces but also in coordination with neighbouring countries' governments. **100**



Documentary photograph of the burning and destruction of illegal items within the KK Park area.



Destruction of equipment used in online fraud and gambling activities at the sand pile site in Shwe Kokko Area, Myawady Township, Kayin State.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် သီရိလင်္ကာနိုင်ငံရှိ အလုပ်သမား သုံးသိန်းကျော်ထိခိုက်

ကိုလံဘို၊ သဘာဝဘေး

သီရိလင်္ကာနိုင်ငံတွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းဒစ်ဝါကြောင့် ဖြစ်ပေါ်သည့် ရေကြီးမှုနှင့် မြေပြိုမှုတို့ကြောင့် အလုပ်သမား သုံးသိန်းကျော် ထိခိုက်ရကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)က ဒီဇင်ဘာလ ၂၃ ရက်အစီရင်ခံစာတွင်ဖော်ပြထားသည်။

သဘာဝဘေးသင့်ခရိုင်များရှိ အလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၄၈ သန်းခန့်ရှိလာနိုင်ကြောင်း ILO က ခန့်မှန်းထားသည်။ အထူးသဖြင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလက်လုပ်လက်စားများနှင့် လစာနည်းပါးသော အလုပ်သမားများသည် လူမှုဖူလုံရေးနှင့်လက်လှမ်းမမီသဖြင့် အဆိုးရွားဆုံး ထိခိုက်နိုင်ခြေရှိသည်ဟုဆိုသည်။ အဆိုပါသဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ ပြင်းထန်စွာထိခိုက်ခဲ့ပြီး နိုင်ငံ၏ စပါးစိုက်ပျိုးမြေဧရိယာ၏ ၂၃ ရာခိုင်နှုန်းခန့် ရေလွှမ်းမိုးခံခဲ့ရကြောင်း သိရသည်။

Ref: Xinhua

# တူကီယဲနိုင်ငံ၏ စိုက်ပျိုးရေးအချက်အချာဒေသတွင် မြေကျွံကျင်းများပေါ်ပေါက်လာမှုကြောင့် တောင်သူများစိုးရိမ်နေ



ကွန်ညာ၊ သဘာဝဘေး

တူကီယဲနိုင်ငံအလယ်ပိုင်းရှိ နိုင်ငံ၏ စပါးကျီဟုတင်စားရသော ကွန်ညာလွင်ပြင်တွင် မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် မြေအောက်ရေလျော့နည်းလာခြင်းတို့ကြောင့် ရာနှင့်ချီသော မြေကျွံကျင်းကြီးများဖြစ်ပေါ်နေကြောင်းသိရသည်။

ယင်းဖြစ်စဉ်သည် တောင်သူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များအကြား ရာသီဥတုပြောင်းလဲမှု၏ စိုးရိမ်ဖွယ်ရာ လက္ခဏာတစ်ခုအဖြစ် ယူဆကာ ပူပန်မှုများ မြင့်တက်စေလျက်ရှိသည်။ ကွန်ညာနည်းပညာတက္ကသိုလ်မှ ဘူမိဗေဒပါမောက္ခ ဖီတူလာအရစ်၏ပြောဆိုချက်အရ ဒေသတွင်းရှိဖြစ်ပေါ်နေသော မြေကျွံကျင်းအရေအတွက်သည် ယခုအခါ ၇၀၀ နီးပါးအထိ ရှိလာပြီဖြစ်သည်ဟုသိရသည်။

မြေကျွံကျင်းများ ယခုကဲ့သို့အရှိန်အဟုန်ဖြင့် တိုးပွားလာခြင်း၏ အဓိကအကြောင်းရင်းမှာ မိုးခေါင်ရေရှားမှုကြောင့် တောင်သူများသည် ၎င်းတို့၏စိုက်ခင်းများအတွက် မြေအောက်ရေကို ပိုမိုထုတ်ယူသုံးစွဲလာပြီး ခွင့်ပြုချက်မရှိ ရေတွင်းများတူးဖော်လာကြခြင်းကြောင့် ဖြစ်သည်။ မြေအောက်ရေပမာဏသည် တစ်နှစ်လျှင် ၅ မီတာခန့်အထိလျော့ကျနေပြီး ယင်းကြောင့်မြေကျွံကျမှုကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။

မြေကျွံကျင်းများပေါ်ပေါက်လာမှုကြောင့် တောင်သူများသည် အသက်အန္တရာယ်နှင့် စိုက်ပျိုးမြေများဆုံးရှုံးမည်ကို စိုးရိမ်နေကြရပြီး အချို့မှာ စိုက်ပျိုးမြေများကိုစွန့်လွှတ်ရန်အထိ စဉ်းစားနေကြောင်း ဒေသတွင်းသတင်းများတွင်ဖော်ပြထားသည်။ Ref: ST

# အမေရိကန်သံအမတ် ၃၀ နီးပါးကို ရာထူးမှနုတ်ထွက်ရန် ထရမ့်အစိုးရ အမိန့်ထုတ်

ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်သံအမတ်ကြီး ၃၀ နီးပါးကို ၎င်းတို့၏ရာထူးများမှ ချက်ချင်းနုတ်ထွက်ရန် ဒီဇင်ဘာလ ၂၃ ရက်တွင် အမိန့်ထုတ်ပြန်လိုက်သည်။

အဆိုပါအမိန့်စာအရ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့ အဓိကမဟာမိတ်နိုင်ငံများတွင် တာဝန်ကျနေသော သံအမတ်ကြီးများသည် လာမည့် ဇန်နဝါရီလ ၂၀ ရက်တွင် ရာထူးမှအပြီးနုတ်ထွက်ကြရမည်ဖြစ်သည်။ ယင်းလုပ်ရပ်သည် သမ္မတအသစ်လက်ထက်တွင် နိုင်ငံခြားရေးမူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲများပြုလုပ်ရန် အစိုးရအဖွဲ့သစ်က ပြင်ဆင်လာခြင်းဖြစ်ကြောင်း ပညာရှင်များကသုံးသပ်သည်။ နုတ်ထွက်ရမည့် သံအမတ်ကြီးများကို ဂျိုးဘိုင်ဒင်လက်ထက်တွင် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: BP

# အစ္စရေးက ဂါဇာမှ အပြီးတိုင်ရုပ်သိမ်းမည် မဟုတ်ဘဲ ကင်းစခန်းများ တည်ဆောက်မည်

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးစစ်ဘက်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသမှ အပြီးတိုင်ရုပ်သိမ်းသွားမည်မဟုတ်ဘဲ လုံခြုံရေးအကြောင်းပြချက်ဖြင့် ပါလက်စတိုင်းနယ်မြေအတွင်း စစ်ဘက်-အရပ်ဘက် ပူးတွဲတပ်ဖွဲ့တစ်ခုတည်ထောင်ပြီး ကင်းစခန်းများတည်ဆောက်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ဒီဇင်ဘာလ ၂၃ ရက်တွင်ပြောသည်။

အနောက်ဘက်ကမ်းဒေသရှိ အခြေချနေထိုင်ရာဒေသတစ်ခုတွင် ပြုလုပ်သည့် မိန့်ခွန်း၌ ၎င်းက အစ္စရေးအနေဖြင့် ဂါဇာမှ မည်သည့်အခါမျှ ထွက်ခွာသွားမည်မဟုတ်ကြောင်းနှင့် ဂါဇာမြောက်ပိုင်းရှိ ယခင်က ဖျက်သိမ်းခဲ့သောနေရာများတွင် စခန်းများကို ပြန်လည်တည်ဆောက်မည်ဟု ကတိပြုခဲ့ခြင်းဖြစ်သည်။ ထိုပြောဆိုမှုသည် ဂါဇာ၏အနာဂတ်အုပ်ချုပ်ရေးအပေါ် နိုင်ငံတကာ၏ မျှော်လင့်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်းသိရသည်။ Ref: ST

# ကမ္ဘောဒီးယားနှင့် နယ်စပ်တင်းမာမှုလျော့ကျရေး ကူညီပေးသည့်တရုတ်နိုင်ငံကို ထိုင်းကျေးဇူးတင်




ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်တွင်ဖြစ်ပွားနေသည့် တင်းမာမှုများလျော့ပါးသွားစေရန် ကူညီဆောင်ရွက်ပေးခဲ့သည့် တရုတ်နိုင်ငံ၏အခန်းကဏ္ဍအပေါ် ထိုင်းနိုင်ငံက ချီးကျူးကျေးဇူးတင်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာလ ၂၃ ရက်တွင်ပြောသည်။ တရုတ်နိုင်ငံအနေဖြင့် ဓမ္မဓိဋ္ဌာန်ကျကျနှင့် ဘက်မလိုက်ဘဲ ဖျန်ဖြေပေးသည့်အတွက် နှစ်နိုင်ငံကြား ထိပ်တိုက်ရင်ဆိုင်မှုများ လျော့ပါးသွားခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ထို့ပြင် ဒီဇင်ဘာလ ၂၂ ရက်တွင်ပြုလုပ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင်လည်း ထိုင်းနိုင်ငံအနေဖြင့် အဆိုပါပြဿနာကို နှစ်နိုင်ငံကြားဆွေးနွေးမှုများဖြင့်သာဖြေရှင်းရန် သန္နိဋ္ဌာန်ချထားကြောင်း ထပ်လောင်းပြောသည်။

ရေရှည်တည်တံ့သော ဖြေရှင်းချက်တစ်ခုရရှိရန် ထိုင်းနှင့်ကမ္ဘောဒီးယားတို့ကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ၎င်းက အလေးပေးပြောသည်။ ဒီဇင်ဘာလ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်မည့် အထွေထွေနယ်စပ်ရေးရာကော်မတီအစည်းအဝေးတွင် နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာကိုယ်စားလှယ်များတွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေးအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။ Ref: Xinhua

# ကမ္ဘာ့အင်အားအကြီးဆုံး "Trump-class" စစ်သင်္ဘောများတည်ဆောက်မည်ဟု ထရမ့်ပြော

ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ရေတပ်အတွက် "Trump-class" စစ်သင်္ဘောအသစ်နှစ်စင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၂ ရက်တွင် ကြေညာသည်။ ထိုစစ်သင်္ဘောများသည် ယခင်တည်ဆောက်ခဲ့သမျှ စစ်သင်္ဘောများထက် အဆ ၁၀၀ ပိုမိုအင်အားကြီးမားပြီး ကမ္ဘာ့အမြန်ဆုံးနှင့် အကြီးမားဆုံးသင်္ဘောများ ဖြစ်လာမည်ဟု ၎င်းကဆိုသည်။

ကာကွယ်ရေးဝန်ကြီးနှင့်ရေတပ်ဝန်ကြီးတို့နှင့်အတူပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်က စုစုပေါင်း စစ်သင်္ဘောအစင်း ၂၀ မှ ၂၅ စင်းအထိ တည်ဆောက်သွားမည့် အစီအစဉ်ကို အတည်ပြုပြောခြင်းဖြစ်သည်။

အဆိုပါစစ်သင်္ဘောများသည် တန်ချိန် ၃၀၀၀၀ မှ ၄၀၀၀၀ ကြားရှိမည်ဖြစ်ပြီး အသံထက်မြန်သော လက်နက်များ၊ လေဆာလက်နက်များနှင့် အနိမ့်ပျံဒုံးကျည်များ တပ်ဆင်ထားမည်ဖြစ်သည်။ ရေတပ်ဝန်ကြီး ဂွန်ဖီလန်က ယင်းစစ်သင်္ဘောများသည် ကမ္ဘာပေါ်တွင်တိုက်ခိုက်နိုင်စွမ်းအရှိဆုံးနှင့် အလှပဆုံးစစ်သင်္ဘောများ ဖြစ်လာမည်ဟု ပြောထားသည်။ လက်ရှိတွင် စစ်သင်္ဘောအသစ်များသည် ဒီဇိုင်းရေးဆွဲဆဲအဆင့်၌သာရှိနေပြီး ပထမဆုံးသင်္ဘောကို ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်တည်ဆောက်ရန် ရည်မှန်းထားသည်။ Ref: Xinhua



# မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ စုပေါင်းသွေးလှူဒါန်း



မော်လမြိုင် ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းပေးကြသည့် ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင်များအား ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပေးနေမှုနှင့် စုပေါင်းသွေးလှူဒါန်းနေမှုတို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသူများအား အားဆေးများ၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး ဆေးရုံအုပ်ကြီးက မွန်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းသွေးလှူဒါန်းပေးကြသူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ မီနီမာရသွန်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် အပတ်စဉ်(၂၉) သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲကျင်းပ




ထားဝယ် ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလလှုပ်ရှားမှုအဖြစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ထားဝယ်ဒေသ မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စုရပ်ဖြစ်သော ထားဝယ်မြို့ရှိမြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက မီနီမာရသွန် အမျိုးသား၊ အမျိုးသမီး အားကစားသမားများအား ခရာမှုတ်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲတွင် မီနီမာရသွန် အမျိုးသား၊ အမျိုးသမီးအားကစားသမားများက စုရပ်ဖြစ်သော မြို့တော်ခန်းမရှေ့မှစတင်ကာ သတ်မှတ်လမ်းအတိုင်း ယှဉ်ပြိုင်ပြေးကြပြီး မြို့တော်ခန်းမရှေ့၌ ပန်းဝင်ကြသည်။

ပန်းဝင်သည့်နေရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက စောင့်ကြိုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်က လမ်းတစ်လျှောက် ကူညီဆောင်ရွက်ပေးသည့် ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်သိမ့်ဆု၊ ပဉ္စမဆု၊ စတုတ္ထဆုရရှိသော အားကစားသမားများ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တတိယဆုရရှိသည့် မောင်သန်းဇော်နှင့် မသင်းထက်စံပယ်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ဒုတိယဆုရရှိသည့် မောင်စိုင်းဝသုန်နှင့် မသော်ယမင်းမြင့်တို့ထံ ငွေသားဆုနှင့် ဆုဖလားများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မောင်မြင့်မြတ်မောင်နှင့် မဖြူဖြူအောင်တို့ထံ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ထားဝယ်မြို့ ထားဝယ်သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အပတ်စဉ်(၂၉) သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ထားဝယ်သူနာပြုသင်တန်းကျောင်းအုပ်ကြီးက သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်များကို သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်ရ မောင်မယ်များထံ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့၌ တောင်သူလယ်သမားစိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း(၃/၂၀၂၅)ဖွင့်လှစ်

ပြည် ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပြည်မြို့နယ် ဇီးအုပ်တောင်သူလယ်သမားသင်တန်းကျောင်း၌ တောင်သူလယ်သမား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်း (၃/၂၀၂၅) ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည်ကျေးလက်နေပြည်သူများဖြစ်ပြီး စပါးနှင့်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကလုပ်ဆောင်နေကြကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ၏ လယ်ယာစီးပွားရေးလုပ်ငန်းများအား ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့်ဆက်စပ်သည့် အသိပညာနှင့် ဗဟုသုတများ ကြွယ်ဝလာစေရန်နှင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ပြီး အကျိုးစီးပွားမြင့်မားလာစေရန် ရည်ရွယ်ပြီး တောင်သူပညာပေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ တောင်သူလယ်သမား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းအား ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ တောင်သူလယ်သမား၄၀ဦးအား ဒီဇင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၄ ရက်အထိ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆည်ရေအား အကျိုးရှိရှိအသုံးချနိုင်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်သုံးစွဲနည်း စသည်တို့ကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မကွေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ




မကွေး ဒီဇင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်ကေခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မကွေးတက္ကသိုလ် စာပေနှင့်အနုပညာအသင်းက "လှပဝေဆာ ဆီမီးပဒေသာ" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မကွေးတက္ကသိုလ် သတ္တဗေဒအထူးပြုကျောင်းသူလေးများက "သွေးချင်း တို့ရဲ့မြေ" သီချင်းဖြင့်လည်းကောင်း၊ မကွေးတက္ကသိုလ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူလေးများက "ထန်းရွက်ပုတီး" သီချင်းဖြင့်လည်းကောင်း၊ မကွေးတက္ကသိုလ် စာပေနှင့်အနုပညာအသင်းက "လက်ခုပ်သံ" သီချင်းဖြင့်လည်းကောင်း၊ မကွေးတက္ကသိုလ်ရုက္ခဗေဒအထူးပြုကျောင်းသူလေးများက "ပန်းကမ္ဘာမျှော်စင်" သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# နိုင်ငံခြားငွေကြေးဈေးကွက်တည်ငြိမ်မှုရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်



နေပြည်တော်   ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည်အတွင်းရှိ နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး၊ စည်းကမ်းလိုက်နာမှုမရှိသောကုမ္ပဏီများအနေဖြင့် အရေးယူခံရနိုင်သည့်အခြေအနေ၊ ထုတ်ပြန်ထားသော နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လုပ်ငန်းဆိုင်ရာညွှန်ကြားချက်(၅/၂၀၂၄) အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သည့်ကိစ္စရပ်များ၊ နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်မှုရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လိုင်စင်ရကုမ္ပဏီများမှ နေ့စဉ်စာရင်းများပေးပို့နေသည့် MC Application နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်မှုများကိုတင်ပြကြပြီး သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

**❒ ကျောဖုံးမှအဆက်**

ပွဲကစားချိန် ၈ မိနစ်တွင်အသင်းခေါင်းဆောင် မျိုးဇော်ဦး၏ ခေါင်းတိုက်သွင်းယူခဲ့သည့် ဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သည်။

ဦးဆောင်ဂိုးခွင့်ပြုပေးရပြီးနောက် ISPE အသင်းကစားသမားများ ချေပဂိုးရရှိရေး တိုက်စစ်ဆင် ကစားနိုင်ခဲ့သော်လည်း ရှေ့တန်းတိုက်စစ်မှူးများ၏ဆန္ဒစောအလျင်လိုမှုများကြောင့် အဆုံးသတ်မသေချာဘဲ ဂိုးရရှိမှုများနစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် ဦးဆောင်ဂိုးရရှိပြီးသည်နှင့် စိတ်အားတက်ကြွကာ ပြိုင်ဘက်ကို အကောင်းဆုံးဖိအားပေး၍အတက်အဆင်း လျင်လျင်မြန်မြန်ဖြင့်ကစားပြီး တန်ပြန်တိုက်စစ်ဆင်နိုင်မှုကြောင့် ပထမပိုင်း ပွဲပြီးချိန်တွင် ရတနာပုံအသင်းက ၁ ဂိုး ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်း ပြန်စသည်နှင့် နှစ်ဖက်ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့ကြပြီး တိုက်စစ်အားမြင့်လာကြ၍ ပြိုင်ပွဲကပိုကြည့်ကောင်းလာသည်။ ပွဲကစားချိန် ၆၃ မိနစ်တွင် ရတနာပုံကစားသမား ဟိန်းဇော်နိုင် ကစားပုံကြမ်းတမ်းခဲ့၍ ပယ်နယ်တီခွင့်ပြုလိုက်ရသည်။ ရရှိသည့် ပယ်နယ်တီကို ISPE ကစားသမား ခိုင်ရဲဝင်းက နှစ်ဆင့်ကန်ကာ ချေပဂိုးသွင်းယူခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြစ်ခဲ့သည်။ ကျန်ရှိပွဲကစားချိန်အား အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ရင်း ရတနာပုံအသင်းအတွက် တိုက်စစ်မှူး မျိုးဇော်ဦးက ဒုတိယဂိုးကိုလည်းကောင်း၊ တိုက်စစ်မှူး ပြည်မိုးက တတိယဂိုးကိုလည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် ရတနာပုံအသင်းက ၃ ဂိုး ၁ ဂိုးဖြင့် ISPE အသင်းကို အနိုင်ရရှိသွားသည်။

ထို့အတူ ၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်တစ်ပွဲဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ သန်လျင်မြို့ သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားရာ ရခိုင်ယူနိုက်တက်အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် ရာမညယူနိုက်တက်အသင်းကို အနိုင်ရရှိသွားကြောင်း သိရသည်။ **ဝန်းရံခ**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၀၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကျင်းပ



နေပြည်တော်   ဒီဇင်ဘာ ၂၃

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၀၁) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဧည့်သည်တော်များနှင့် ဘွဲ့ကြို ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲနှင့်ပိုစတာပြပွဲတွင် ဒုတိယဝန်ကြီးက ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ်နှင့်သုတေသနဗိမာန်အဖြစ်ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေးပညာရပ်သင်ကြားသင်ယူမှုနှင့် သုတေသနဖွံ့ဖြိုးမှုတို့ တစ်ပြိုင်တည်းစတင်ခဲ့သည့်နည်းတူ တက္ကသိုလ်နှင့် သုတေသနတို့သည် ခွဲခြားမရသည်မှာ အထင်အရှားဖြစ်ကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ဘွဲ့ကြို ဘွဲ့လွန်သင်ကြားပို့ချမှုများနှင့် ဘွဲ့ဒီဂရီပေးအပ်မှုတွင် သုတေသနကို အဓိကထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ သုတေသနများ ဆောင်ရွက်နိုင်မှုအတွက်လည်း များစွာဂုဏ်ယူရကြောင်း၊ သုတေသနတွေ့ရှိချက်များကို လက်တွေ့ဘဝတွင် မှန်မှန်ကန်ကန် အသုံးချနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနစွမ်းရည်ဖြင့် လက်တွေ့အကျိုးပြုထိရောက်သောနည်းလမ်းများကို ဆက်လက်ဆန်းစစ်ရှာဖွေနိုင်ကြစေရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုတေသနပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပိုစတာ ၅၅ စောင်နှင့် သုတေသနဆောင်ရွက်ထားရှိသည့် ရလဒ်များအား ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၀၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေးပညာရှင်များနှင့် သုတေသီများက စာတမ်းခြောက်စောင်တင်သွင်းဖတ်ကြားခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားပြတိုက်(နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် မန္တလေးနန်းမြို့ရိုး ပြန်လည်ပြုပြင် ထိန်းသိမ်းနေမှုများ ဒုတိယဝန်ကြီး(ယဉ်ကျေးမှု)ဒေါ်နုမြဇံ ကြည့်ရှုစစ်ဆေး





မန္တလေး   ဒီဇင်ဘာ ၂၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ယဉ်ကျေးမှု)ဒေါ်နုမြဇံသည် ဒီဇင်ဘာလ ၂၁ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားပြတိုက်(နေပြည်တော်)အား ACM Co.,Ltd. က ပြုပြင်ထိန်းသိမ်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အမျိုးသားပြတိုက်(နေပြည်တော်) ရှိ ပြခန်းများပြုပြင်ပြီးစီးပါက ပြတိုက်ဝန်ထမ်းများက ပြခန်းများပြန်လည်ခင်းကျင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားသည်။

ထို့နောက် ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ A ဆောင်၊ B ဆောင်ရှိ e-library ခန်း၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်း၊ C ဆောင်တို့ကို Moon Rays Co.,Ltd. က ပြုပြင်ထိန်းသိမ်းနေမှုများကို စစ်ဆေးပြီး စာကြည့်တိုက်ရှိအဆောင်များအား မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်အောင်၊ စာအုပ်စာတမ်းများကို စနစ်တကျပြန်လည်ဖတ်ရှုနိုင်အောင် ကြိုတင်ပြင်ဆင်ထားရန် မှာကြားသည်။

ဒီဇင်ဘာလ ၂၂ ရက်ကလည်း ဒုတိယဝန်ကြီးသည် မန္တလေးမြို့သို့ရောက်ရှိပြီး ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးနန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် Max Trust Co.,Ltd. ကဆောင်ရွက်သည့် ရတနာပုံနန်းမြို့ရိုးသည် မန္တလေးမြို့၏ အထင်ကရယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အတွက် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရန်၊ ပြုပြင်ထိန်းသိမ်းရာတွင်လည်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍများအလိုက် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရှာငံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ


နေပြည်တော် ဒီဇင်ဘာ ၂၃

ရှာငံမြို့နယ်တွင်ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၂၂ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည်သတင်းအရရှာငံမြို့နယ်၊ မြို့ကြီးကျေးရွာအနီးတွင် သန်းစိုးဝင်း(၄၂)နှစ်၊ သာပေါင်းကျေးရွာ၊ နွားထိုးကြီးမြို့နယ်နေသူမောင်းနှင်လာသော HYUNDAI PORTER ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀၀) ဖမ်းဆီးရမိသဖြင့် သန်းစိုးဝင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ ကျောက်တောင်(ဝမ်မိုင်)ရှိ လေးဒေ(၁၉)နှစ် ၄ားရမ်းနေထိုင်သည့် နေအိမ်ခန်းကိုဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လီလု(၁၉)နှစ်၊ ကောင်းကိုင်ကျေးရွာ၊ ကတ်ထိုက်ကျေးရွာအုပ်စု၊ ကျိုင်းတုံမြို့နယ်နှင့် ငြိမ်းချမ်း(၁၇)နှစ်ကို ဖော်ကျေးရွာ၊ နားယောင်းကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်နေသူတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၄၅ သိန်း)ဖမ်းဆီးရမိသဖြင့် လေးဒေ၊ လီလုနှင့် ငြိမ်းချမ်းကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ



တရားခံ သန်းစိုးဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၈။ ၁၄:၀၀ Sharing Knowledge
၉။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၇:၀၀ သီချင်းလက်ဆောင်
၁၁။ ၁၈:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း**
၁၂။ ၁၈:၂၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၃။ ၁၈:၃၀ **CGTN Nature အပိုင်း(၆)**
၁၄။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက်အစီအစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၀
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။


**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့်အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများ အတွင်းဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် ၄ ထပ် အဆောက်အအုံ ၃ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက်လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂ ထပ် အဆောက်အအုံ ၅ လုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၂ ထပ် အဆောက်အအုံ ၄၁ လုံးကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။




ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေစစ်ဆေးပြီးစီးသည့်အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)









ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၊ သဲပုံဆိုက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကိုတွေ့ရစဉ်။



K K Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကိုတွေ့ရစဉ်။

# လွိုင်လင်၊ ပင်လောင်း၊ ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်၊ ပင်လောင်း၊ ဟိုပုံးနှင့်ဆီဆိုင်မြို့နယ်တို့၌ ဒီဇင်ဘာလ ၂၂ ရက်နေ့က ဘိန်းစိုက်ခင်း ၂၄၂ ကေခန့်အား ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၂၂ ရက်နေ့နံနက် ၇ နာရီအချိန်မှ ညနေ ၃ နာရီခွဲအချိန်ထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ကျူနိမ့်ကျေးရွာ၏ အရှေ့ဘက် ၁ ဖာလုံခန့်အကွာရှိသီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၀ ကေခန့်၊ အရှေ့ဘက် ၄ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၂၅ ကေခန့်နှင့် အရှေ့တောင်ဘက် ၃ ဖာလုံခန့်အကွာရှိသီးပွင့်ဆဲဘိန်းစိုက်ခင်း ၂၅ ကေခန့်တို့အားလည်းကောင်း။

အလားတူ နံနက် ၇ နာရီအချိန်မှ မွန်းလွဲ ၂ နာရီခွဲအချိန်ထိ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့က တောင်ပါခါး (ခ)မီလန်းကျေးရွာ၏ အနောက်ဘက် ၃ ဖာလုံခန့်အကွာရှိသီးပွင့်ဆဲဘိန်းစိုက်ခင်း ၉ ကေခန့်နှင့် မြောက်ပါခါး (ခ)မီလန်းကျေးရွာ၏ အရှေ့ဘက် ၂ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၃၃ ကေခန့်တို့အားလည်းကောင်း။



အလားတူ နံနက် ၈ နာရီ ၃၅ မိနစ် အချိန်မှ မွန်းလွဲ ၁ နာရီအချိန်ထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ပြင်သာကျေးရွာ၏အရှေ့ဘက် ၂ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၈ ကေခန့်နှင့် အရှေ့တောင်ဘက် ၂ မိုင်ခွဲခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ကေခန့်တို့အားလည်းကောင်း။

အလားတူ နံနက် ၈ နာရီ ၅၀ မိနစ်အချိန်မှ ညနေ ၃ နာရီခွဲအချိန်ထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ နောင်စုံကျေးရွာ၏မြောက်ဘက် ၁ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၀ ကေခန့်အားလည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ ၄၀ မိနစ်အချိန်မှ ညနေ ၄ နာရီ ၄၀ မိနစ်အချိန်ထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ထီတလီးကျေးရွာ၏ အနောက်ဘက် ၆ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၇ ကေခန့်အားလည်းကောင်း အသီးသီးဖျက်ဆီးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)

# တရားမဝင် သစ်မျိုးစုံ၊ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်သစ်တင် မော်တော်ယာဉ် ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော်   ဒီဇင်ဘာ   ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၀ ရက်နှင့် ၁၅ ရက်**တို့တွင် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ဇက်ဆိပ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် သံကြမ်းခင်းပြား(၂၂၂) ချောင်းနှင့် ဆက်စပ်ပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၆၂၅၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၆၂၅၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၄ ရက်**တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ (သုည ဒသမ ၇၁၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၆၈၇၇၄၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၆ ရက်**တွင် ပျော်ဘွယ်မြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ချမ်းအေးသာစံ မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၈၆၇)တန်၊ သစ်မာ(၁ ဒသမ ၂၉၈)တန်၊ အခြားသစ် (၃၆ ဒသမ ၁၈၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၀၁၆၃၆)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Light Truck (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဒီဇင်ဘာလ ၁၃ ရက်**တွင် မိတ္ထီလာမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၃)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၁၆၃၆)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ **ဒီဇင်ဘာလ ၆ ရက်၊ ၁၀ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၄၅၁၈၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၄၃၈)တန်၊ အခြားသစ် (၁၈ ဒသမ ၂၂၆)တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၀၂၄၀)ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၂ရက်တွင်မြစ်ကြီးနားမြို့နယ်ရှမ်းစုမြောက် ရပ်ကွက် အမှတ်(၁၄၅)ရှိ ဂိုဒေါင်(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စစ်ကိုင်းမြို့နယ်ကံတလူပူးပေါင်းစစ်ဆေးရေး ဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံး ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တရားမဝင်ရွှေသတ္တုတူးဖော် ရာတွင် အသုံးပြုသည့် သံပြားမျိုးစုံ (၂ ဒသမ ၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်း ကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၀၀၀၀၀)ကိုဖမ်းဆီးအရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၅ ရက်တွင် ကျောက်တံခါးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ (၂ ဒသမ ၁၁၄)တန်၊ အခြားသစ် (သုည ဒသမ ၅၇၁)တန် စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၇၂၆၀၈)ကိုဖမ်းဆီးရမိ ခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၅ ရက်တွင် အောင်လံမြို့နယ် အောင်မြေကုန်းကျေးရွာ၌ လိုင်စင်မဲ့မော်တော် ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၇၉၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၈၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၈၈၀၀) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ သည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၆ ရက်တွင် မန္တလေးမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၂၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၇)မျိုး၊ စားသောက် ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၁၉၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင် ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၇)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၉၁၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီး ရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၈၅၅၅၆၄၈)ကို ဖမ်းဆီး ရမိခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေး ရေးဂိတ်၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၀)မျိုး၊ လူသုံးကုန်ပစ္စည်း(၈)မျိုး၊ စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၀၁၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ မြို့သစ်ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ(၁၈၈)ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၈၀၀၀၀)ကို ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီး ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၉၀၀၀၀)ကို ဖမ်းဆီးအရေးယူဆောင် ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၇ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ်(၂ ဒသမ ၉၂၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၁၃၆)ကို ဖမ်းဆီး ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့ ၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၃ ရက်တွင် ကော့သောင်း မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၁၂ရက်တွင်လားရှိုးမြို့နယ်နောင်ထိုးကျေးရွာ အနီး၌ မော်တော်ယာဉ် (၅၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅၁၉)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၇)မျိုး၊ လျှပ်စစ်ပစ္စည်း (၁၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ်၃၂၂၂၅၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာ သည့် လိုင်စင်ရှိမော်တော်ယာဉ် (၉)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၄၉)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၂၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၄၂၅၄၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၅ ရက်တွင် ပုသိမ်မြို့နယ် အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော် ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်း ကုန်ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက် လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ ဒီဇင်ဘာလ ၁၇ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လူသုံးကုန်ပစ္စည်း(၃၃)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁၉၄၁၄၀၀၀)ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိ သည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ဒီဇင်ဘာလ ၁၃ ရက်၊ ၁၅ ရက်၊ ၁၆ ရက် နှင့် ၁၇ ရက် တို့တွင်ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ(၇၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၉၃၅၉၁၃၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှု များကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်း များမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်း များရေရှည်ရပ်တည်နိုင်ရေးအတွက်ကြီးမား သည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါ သဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# German Footballing Personality of the Year ဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းဆွတ်ခူး

ဘာလင် ဒီဇင်ဘာ ၂၃

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် German Footballing Personality of the Yearဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။


German Footballing Personality of the Year ဆုသည် ဂျာမန်အခြေစိုက် ထိပ်တန်းအားကစားသတင်းဌာနဖြစ်သော ကစ်ကာမဂ္ဂဇင်းက နှစ်စဉ်ပေးအပ်သည့်ဆုဖြစ်ပြီး တစ်နှစ်အတွင်း အားကစားသမားများ၏ စွမ်းဆောင်ရည်ပိုင်းကိုစောင့်ကြည့်ပြီး ပေးအပ်ချီးမြှင့်သည့်ဆုဖြစ်သည်။

ဟယ်ရီကိန်းသည် ၂၀၂၅ ခုနှစ်အတွင်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်းပြလျက်ရှိကာ ပြီးခဲ့သည့် ဟိုဒန်ဟိန်းအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ၂၀၂၅ ခုနှစ်အတွင်း သွင်းဂိုး ၅၁ ဂိုးအထိရှိလာသည်။

ဟယ်ရီကိန်းသည် ယခုနှစ်အတွင်း သွင်းဂိုး ၅၁ ဂိုးအထိသွင်းယူနိုင်ခဲ့သည့်အတွက် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် သွင်းဂိုးအများဆုံးနှစ်လည်းဖြစ်လာသည်။

ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီ ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီးချိန်တွင် ၃၂ ဂိုးအထိသွင်းယူနိုင်ခဲ့ကာ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။



*Ref;Bild*

---

# အေစီမီလန်အသင်းက ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်ကစားသမားဖူကက်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိထား

မီလန် ဒီဇင်ဘာ ၂၃

အေစီမီလန်အသင်းက ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်ကစားသမား ဖူကက်ကို ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် အီတလီစီးရီးအေ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် အေစီမီလန်အသင်းသည် လက်ကျန်ရာသီဝက်အတွက် ကစားသမားအင်အားပိုင်း ဖြည့်တင်းလိုသောကြောင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူရန် ကြိုးပမ်းနေရာမှ လက်ရှိတွင် ဖူကက်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ ဖူကက်သည် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် ပွဲကစားခွင့်နည်းပါးနေသည့်အတွက် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထား၍ အစောပိုင်းက ဂျာမနီကလပ်အသင်းများနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း အေစီမီလန်အသင်းက လက်ဦးမှုရယူပြီး အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းက ဖူကက်ကို ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူခြင်းဖြစ်သော်လည်း အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ခြေစွမ်းပိုင်းကို ကြိုက်နှစ်သက်မည်ဆိုပါက ပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းဖြင့် အပြီးသတ်ခေါ်ယူခွင့်အချက်ကိုပါ ထည့်သွင်းချုပ်ဆိုမည်ဖြစ်သည်။

အေစီမီလန်အသင်းသည် ယခုဘောလုံးရာသီ ၁၅ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ရပ်တည်နေသော်လည်း ထိပ်ဆုံးမှဦးဆောင်နေသည့် အင်တာမီလန်အသင်းနှင့် တစ်မှတ်သာကွာဟနေသဖြင့် ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသောကြောင့် နောက်ထပ် ကစားသမားများခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

---

# မန်ယူအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ကိုမိုအသင်းမှ နီကိုပက်ဇ်ကို မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန်စီစဉ်



မန်ချက်စတာ ဒီဇင်ဘာ ၂၃

မန်ယူအသင်းက အသင်းကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ကိုမိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် လူငယ်ကွင်းလယ်ကစားသမား နီကိုပက်ဇ်ကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၇၀ ဖြင့်ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

မန်ယူအသင်းနည်းပြအမိုရင်က ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အသင်းတိုက်စစ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီးနောက် လာမည့်အပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန်ပြင်ဆင်နေသည်။

လက်ရှိမန်ယူအသင်းကွင်းလယ်ပိုင်းတွင် ကက်မဲရိုးနှင့် ဖာနန်ဒက်တို့နှစ်ဦးသာ အားကိုးနေရပြီး အူဂါတေးအနေဖြင့် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရကာ ကိုဘီမိုင်နူးသည်လည်း အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့်အတွက် အသင်းကွင်းလယ်ပိုင်းတွင် လိုအပ်ချက်များရှိနေခြင်းဖြစ်သည်။

အသက် ၂၁ နှစ် အရွယ်ရှိ နီကိုပက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတွင် ကစားခွင့်မရရှိသည့်အတွက် ၂၀၂၄ ခုနှစ်က ကိုမိုအသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိအီတလီစီးရီးအေပြိုင်ပွဲ၌ အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။

မန်ယူအသင်းက နီကိုပက်ဇ်ကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန်စီစဉ်နေသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက နီကိုပက်ဇ်ကို ရောင်းချစဉ်ကတည်းက အချိန်မရွေးပြန်လည်ခေါ်ယူခွင့်အချက်ဖြင့် ရောင်းချထားသည့်အတွက် ပြန်လည်ခေါ်ယူဖွယ်ရှိနေသောကြောင့် မန်ယူအသင်းအတွက် ခက်ခဲဖွယ်ရှိနေသည်။

မန်ယူအသင်းသည် လာမည့်အပြောင်းအရွှေ့ကာလများတွင် နီကိုပက်ဇ်အပြင် လူငယ်ကွင်းလယ်ကစားသမားများဖြစ်သည့် ခရစ္စတယ်ပဲလေ့စ်အသင်းမှ နော့ဝါတန်နှင့် နော်တင်ဟမ်အသင်းမှ အန်ဒါဆန်စသည့်ကစားသမားများကိုလည်း ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

---

# ခံစစ်ကစားသမား ဒန်နီအဲဗက် ကစားသမားဘဝသို့ ပြန်လည်ဝင်ရောက်ရန်ပြင်ဆင်

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၃

ဘရာဇီးဝါရင့်ခံစစ်ကစားသမား ဒန်နီအဲဗက်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီးဖြစ်သော်လည်း ပေါ်တူဂီကလပ် ဒီဆာအိုဂျာအိုဒီဗာအသင်းကိုဝယ်ယူပြီးနောက် အသင်းနှင့်အတူ ကစားသမားဘဝသို့ ပြန်လည်ဝင်ရောက်ရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၄၂ နှစ်အရွယ်ရှိ ဒန်နီအဲဗက်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ဥရောပထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် ဂျူဗင်တပ်စ်အသင်း၊ ပီအက်စ်ဂျီအသင်း၊ ဘာစီလိုနာအသင်းတို့တွင် ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ကာ ဘောလုံးလောကတွင် မက်ဆီပြီးလျှင် ဒုတိယမြောက်ဆုဖလားအများဆုံးဆွတ်ခူးနိုင်သည့် ကစားသမားအဖြစ်ပင် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

ဒန်နီအဲဗက်သည် ဘာစီလိုနာအသင်းတွင် ကာလရှည်ကစားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်က အသင်းနှင့်လမ်းခွဲကာ မက္ကဆီကိုကလပ် ယူနီဗာစီဒက်နေစီယွန်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၂၃ ခုနှစ်က ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်ကာ ယခုအခါ ဒီဆာအိုဂျာအိုဒီဗာအသင်းပိုင်ရှင်နှင့်ကစားသမားအဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန်ပြင်ဆင်နေကြောင်း သိရသည်။

*Ref;One Football*


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
Buy
BILL
PAY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့်အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို . . .
❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေးဆောင်ရွက်နေရန်လို . . .

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများတိုးချဲ့ပြေးဆွဲမည်




နေပြည်တော် ဒီဇင်ဘာ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ်ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများအသုံးပြုလာနိုင်ခြင်းကြောင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခဲ့သဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်း တို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ စာမျက်နှာ ၁၅ ကော်လံ ၁ ➢

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရတနာပုံအက်ဖ်စီအသင်းက ISPE အက်ဖ်စီအသင်းကို အနိုင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အက်ဖ်စီအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအက်ဖ်စီအသင်းက ISPE အက်ဖ်စီအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆင့်သုံးနေရာမှ ရတနာပုံအသင်းနှင့် အဆင့်လေးနေရာမှ ISPE အသင်းတို့ ယနေ့တွေ့ဆုံမှု ပထမပိုင်းတွင် နှစ်ဖက်အသင်း အပြန်အလှန်ရှိခဲ့သည်ဆိုသော်လည်း ISPE အသင်း တိုက်စစ်အပေးအယူချိတ်ဆက်လွဲချော်မှုများရှိခဲ့ပြီး နောက်တန်းခံစစ်အားနည်းမှုများကြောင့် ရတနာပုံအသင်းက စာမျက်နှာ ၂၄ ကော်လံ ၁ ❒



## ဆောင်းပါး

**တွဲလက်ညီညီရှေ့သို့ချီ အောင်လံလွှင့်ဝေ တပ်မတော်(ရေ)** စာ - ၆ သို့

**ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် ပန်းပွဲတော်တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား** စာ - ၅ သို့



**ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်**



စာ - ၁၁ သို့

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း** စာ - ၂၇ သို့

